# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ အစားထိုးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄ |
| ၇ | ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း | ၅ |
| ၈ | (က) လေရှီးမြို့ မြန်မာ့စီးပွားရေးဘဏ် (ငွေတိုက်ခွဲ) အား မြန်မာ့စီးပွားရေး ဘဏ်ခွဲအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၉ | (ခ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်း အသုံးစရိတ်များကို အကုန်အစင်သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုကို သိလိုကြောင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၁ |
| ၁၀ | (ဂ) နိုင်ငံတော်ဘက်ဂျက်မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် အမှန်တကယ်ကုန်ကျသင့်သည်ထက် ချပေးသည့်ငွေက ပိုမိုနေသည့်အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် B/Q တွက်ချက်မှုပုံစံများအား ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၁ | (ဃ) အစိုးရဝန်ထမ်းများ၏ လက်ရှိရင်ဆိုင်နေရသော စီးပွားရေး ကျပ်တည်းမှုကို စာနာထောက်ထားသောအားဖြင့် လစာတိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၂ |

၁၂ (င) ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်၏ - ၃၇

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာနှစ်အလိုက် ရောင်းချခဲ့သော Sim Card အရေအတွက်နှင့် အဆိုပါကာလ အတွင်း ကောက်ခံရရှိသော ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်း အရေအတွက်နှင့် တန်ဖိုး၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ရောင်းချနေသော လက်ကိုင်ဖုန်း အရောင်းဆိုင်များအပေါ် အခွန်ကောက်ခံနိုင်ခြင်း ရှိ၊ မရှိ၊

(၃) ပင်လယ်ရေကြောင်း၊ လေဆိပ်များနှင့် နယ်စပ်စခန်းမှ တရားမဝင် ဝင်ရောက်လာသဖြင့် ဖမ်းဆီးရမိသော လက်ကိုင် ဖုန်းများ အရေအတွက်နှင့် တန်ဖိုး၊

(၄) နောင်တွင် လက်ကိုင်ဖုန်းများ တရားမဝင် ဝင်ရောက်နေခြင်း ကို တားဆီးရန်နှင့် မျှတ၍ လူတိုင်းအလွယ်တကူ ပေးဆောင် နိုင်သော အခွန်စနစ်ကျင့်သုံးခြင်း အစီအစဉ် ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၁၃ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၄၂

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၁

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၅-၅-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း၊ အစားထိုး ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့ မြန်မာ့စီးပွားရေးဘဏ် (ငွေတိုက်ခွဲ)အား မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်း အသုံးစရိတ်များကို အကုန်အစင် သုံးစွဲနိုင်ရေး အတွက် ဘဏ္ဍာနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်း များကို လအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်မှုကို သိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်ဘတ်ဂျက်မှ စီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အမှန်တကယ် ကုန်ကျ သင့်သည်ထက် ချပေးသည့်ငွေက ပိုမိုနေသည့်အတွက် တည့်မတ် ထိန်းညှိဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေး စစ်ရန် B/Q တွက်ချက်မှုပုံစံများအား ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **အစိုးရဝန်ထမ်းများ၏ လက်ရှိ ရင်ဆိုင်နေရသော စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားသော အားဖြင့် လစာတိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏–

**(၁) ၂၀၁၁–၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာနှစ်အလိုက် ရောင်းချခဲ့သော SIM Card အရေအတွက်နှင့် အဆိုပါ ကာလအတွင်း ကောက်ခံရရှိသော ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်း အရေအတွက်နှင့် တန်ဖိုး၊**

**(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ရောင်းချ နေသော လက်ကိုင်ဖုန်း အရောင်းဆိုင်များအပေါ် အခွန် ကောက်ခံနိုင်ခြင်း ရှိ၊ မရှိ၊**

**(၃) ပင်လယ်ရေကြောင်း၊ လေဆိပ်များနှင့် နယ်စပ်စခန်းမှ တရားမဝင် ဝင်ရောက်လာသဖြင့် ဖမ်းဆီးရမိသော လက်ကိုင်ဖုန်းများ အရေအတွက်နှင့် တန်ဖိုး၊**

**(၄) နောင်တွင် လက်ကိုင်ဖုန်းများ တရားမဝင် ဝင်ရောက်နေခြင်းကို တားဆီးရန်နှင့် မျှတ၍ လူတိုင်းအလွယ်တကူ ပေးဆောင်နိုင်သော အခွန်စနစ်ကျင့်သုံးခြင်း အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က **"နိုင်ငံ၏ အလုပ်လက်မဲ့ ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၂ ရက်၊

(၂) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၂ ရက်၊

(၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၆ ရက်၊

(၄) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၁ ရက်၊

(၅) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၂ ရက်၊

(၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၈) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၉) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၁၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၉ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးဝင်း ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ချို ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း ခွင့် ၁ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၁ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြဦး ခွင့် ၁ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင် ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် ခွင့် ၁ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၁ ရက်၊

(၂၄) ပုဇွန်တောင်မဲဆန္ဒနယ် ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂၅) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၂၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်နှင့်

(၂၇) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။

**မှူးကြမ်း**

ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ အစားထိုးဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များအား ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် အစားထိုးဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အဖွဲ့ဝင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေဝင်းအား ပြည်သူ့ငွေစာရင်းကော်မတီသို့လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကို အား နိုင်ငံတကာဆက်ဆံရေးကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လစ်လပ်သွားသော ကော်မတီအဖွဲ့ဝင်နေရာ၌ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး

သန်းအောင်အား အဖွဲ့ဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် အစားထိုးဖွဲ့စည်းခြင်းကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဘိုကြီး(အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁-၂-၂၀၁၆ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့အထိ ဖွဲ့စည်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ကျွန်တော် ဦးဘိုကြီးမှ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ပြည်သူ့ငွေစာရင်းကော်မတီ

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁-၂-၂၀၁၆)ရက်နေ့မှ (၁၇-၃-၂၀၁၇)ရက်နေ့အထိ ဖွဲ့စည်းဆောင်ရွက်မှု အစီရင်ခံစာ

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးအား ၁-၂-၂၀၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၇-၃-၂၀၁၇ ရက်နေ့တွင် ပြီးမြောက်ခဲ့ပါတယ်။ အဆိုပါကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေအား တင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို မှတ်တမ်းအဖြစ်ထားရှိစေရန်အတွက်လည်းကောင်း၊ အစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လေ့လာသိရှိရန်နှင့် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံကိုလည်း ကျွန်တော် အစီရင်ခံစာများ ဖြန့်ဝေပြီးဖြစ်လို့မလို့ အချိန်ကို ငဲ့သောအားဖြင့် အကျဉ်းချုံး ကျွန်တော် တင်ပြပါမယ်။ ပထမပိုင်းအနေဖြင့် ဖွဲ့စည်းပုံအပိုင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေး ပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည် ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့ငွေစာရင်းကော်မတီအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ပြည်သူ့လွှတ်တော်ရုံး၏ ၅-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၆)ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

**မူကြမ်း**

၎င်းအပြင် ပြည်သူ့လွှတ်တော်၏ ၇-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် ကိုယ်စားလှယ်လေးဦးအား အစားထိုးပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ၁၆-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးအား လေ့လာသူများအဖြစ် ထပ်မံတာဝန်ပေးခဲ့ပြီးဖြစ်ပါသဖြင့် ကိုယ်စားလှယ် ၁၇ ဦးဖြင့် ကော်မတီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယပိုင်းအနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၈ ပြဋ္ဌာန်းချက်အရ တာဝန်များနှင့် ပတ်သက်၍ ကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏အစီရင်ခံစာအား စိစစ်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု/မပြု၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်းရှိ/မရှိတို့ကို စိစစ်ခြင်း၊ ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးခြင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားတဲ့ သုံးငွေတစ်ရပ်ရပ်ကို ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စရပ်များ၊ ခေါင်းစဉ်ပြောင်းသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိတဲ့ကိစ္စများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသို့ လမ်းညွှန်သင့်သည့် ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအားနည်းချက်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး လွှတ်တော်သို့ တင်ပြရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၉ နှင့် နည်းဥပဒေ ၇၀ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏အစီရင်ခံစာကို စိစစ်ရမယ့်တာဝန်လည်း ပြည်သူ့ငွေစာရင်းကော်မတီ တာဝန်သတ်မှတ်ချက်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁ ပြဋ္ဌာန်းချက်အရ ကော်မတီကစစ်ဆေးပေးရန်လိုအပ်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီ၏တွေ့ရှိချက်၊ သဘောထားမှတ်ချက်များကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ နည်းဥပဒေ ၇၂ နှင့် နည်းဥပဒေ ၇၃ ပြဋ္ဌာန်းချက်အရ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၌ တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ပြဋ္ဌာန်းထားပါတယ်။ ကော်မတီ၏လုပ်ပိုင်ခွင့်များအနေဖြင့် နည်းဥပဒေ ၇၄ နှင့် နည်းဥပဒေ ၇၅ တို့တွင် ပြဋ္ဌာန်းပေးပြီးဖြစ်ပါတယ်။

တတိယပိုင်းအနေနဲ့ အစီရင်ခံတဲ့ကာလအတွင်း ကော်မတီအစည်းအဝေး (၁၉)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအခွန်အကောက်ရငွေနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခုအား တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ စတုတ္ထအပိုင်းအနေနဲ့ ပြည်သူ့

ငွေစာရင်းကော်မတီအနေဖြင့် စိစစ်ရမည့်ဥပဒေလေးခုရှိပြီး နည်းဥပဒေများအနက် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်နိုင်ရေးအတွက် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပြင်ဆင်ဆောင်ရွက်ပေးပို့လာတဲ့ ဥပဒေအား ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုး၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ပေးပို့တင်ပြနိုင်ခဲ့ပါတယ်။ ပဉ္စမပိုင်းအနေနဲ့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ ပြည်တွင်းပြည်ပအစည်းအဝေးများနှင့် ဆက်သွယ်မှုအခြေအနေများအား ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အစီရင်ခံတဲ့ကာလအတွင်း ပြည်ပအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် Workshop, Seminar တက်ရောက်ခြင်း ၂၄ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် Workshop, Seminar တက်ရောက်ခြင်း သုံးကြိမ်၊ ပြည်ပခရီးစဉ်များကို သွားရောက်သည့် ကိုယ်စားလှယ် ၁၀ ဦးနှင့် သွားရောက်ခဲ့သည့် နိုင်ငံပေါင်း ရှစ်နိုင်ငံ၊ နိုင်ငံခြား call လက်ခံတွေ့ဆုံမှု လေးကြိမ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာတင်သွင်းနိုင်မှုအခြေအနေ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း သီးခြားအစီရင်ခံစာ မတင်သွင်းနိုင်သော်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၌ပါဝင်သော ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအရ အစီရင်ခံစာ(၁၁)ခုအား ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းနိုင်ခဲ့ပါတယ်။

အကြံပြုတင်ပြချက်။ ပြည်သူ့ငွေစာရင်းကော်မတီ၏ ၁-၂-၂၀၁၆ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် အားသာချက်၊ အားနည်းချက်များအား အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။ (က) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် လွှတ်တော်နှစ်ရပ်မှ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များအားလုံးအား ပါဝင်ဖွဲ့စည်းစေခြင်းဖြင့် ကော်မတီဝင်တစ်ဦးချင်း၏ အရည်အသွေးကို ပိုမိုတိုးတက်စေနိုင်ခြင်း၊ (ခ) ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင်များအတွက် ဘဏ္ဍာငွေစိစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ရက်တိုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းဖြင့် ဘဏ္ဍာငွေအရအသုံးစိစစ်ရာတွင် အထောက်အကူပြုနိုင်ခြင်း၊ (ဂ) အစည်းအဝေးများခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြီးပြည့်စုံသော စာရွက်စာတမ်းများမပါရှိခြင်း၊ ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်များမလာရောက်နိုင်ဘဲ ကိုယ်စားသာ တက်ရောက်လာသည့်အတွက် တိကျသောသတင်းအချက်အလက်များရရှိမှု အားနည်းခြင်း။

**နိဂုံး**

**မူကြမ်း**

ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် စတုတ္ထပုံမှန်အစည်းအဝေး သက်တမ်းကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းမှုများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိရှိခြင်းဖြင့် နောင်လာမယ့် သက်တမ်းကာလများအတွက် ကော်မတီတာဝန်များကို ထမ်းဆောင်ရာတွင်လည်းကောင်း၊ ကော်မတီကိုစီမံခန့်ခွဲရာတွင်လည်းကောင်း အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ပြည်သူ့ငွေစာရင်းကော်မတီ**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁-၂-၂၀၁၆)ရက်နေ့မှ (၁၇-၃-၂၀၁၇)ရက်နေ့အထိ ဖွဲ့စည်းဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန် အစည်းအဝေးအား ၁-၂-၂၀၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် စတုတ္ထပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၇-၃-၂၀၁၇ ရက်နေ့တွင် ပြီးမြောက်ခဲ့ပါတယ်။ အဆိုပါကာလ အတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေအား တင်ပြအစီရင်ခံခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို မှတ်တမ်းအဖြစ် ထားရှိစေရန်အတွက်လည်းကောင်း၊ အစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို လေ့လာသိရှိရန်နှင့် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်ပါသည်။

**ဖွဲ့စည်းမှု**

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေးပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(က)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

**" ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ "**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်များ အရ ပြည်သူ့လွှတ်တော်၏ ၅-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)ဖြင့် ပြည်သူ့ငွေစာရင်းကော်မတီအား အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးရွှေလှ(ခ)ဦးရွှေလှဝင်း | သဃ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်နီနီဒွန်း | ပေါက်ခေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဒေါက်တာအောင်ခင် | ပြင်ဦးလွင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဦးစစ်အေး | တောင်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| ( ၁ ) | ဗိုလ်မှူးချုပ်သန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | အတွင်းရေးမှူး |

၅။ အဆိုပါ ကိုယ်စားလှယ် ၁၅ ဦးအနက်မှ အောက်ဖော်ပြပါ ကိုယ်စားလှယ်လေးဦးအား ပြည်သူ့လွှတ်တော်၏ ၇-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆) ဖြင့် အစားထိုး ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဦးတင်အောင် | အစား | ဦးကျော်တင့် |
| | ကျောက်ဆည်မဲဆန္ဒနယ် | | တပ်ကုန်းမဲဆန္ဒနယ် |
| ( ခ ) | ဦးရွှေလှ(ခ) ဦးရွှေလှဝင်း | အစား | ဦးသိန်းတန် |
| | သယ်န်းကျွန်းမဲဆန္ဒနယ် | | လှည်းကူးမဲဆန္ဒနယ် |
| ( ဂ ) | ဒေါက်တာဦးအောင်ခင် | အစား | ဦးအောင်ဝင်း |
| | ပြင်ဦးလွင်မဲဆန္ဒနယ် | | မှော်ဘီမဲဆန္ဒနယ် |
| (ဃ) | ဦးမျိုးညွန့် | အစား | ဦးမြင့်ကြည် |
| | ဟုမ္မလင်းမဲဆန္ဒနယ် | | ကသာမဲဆန္ဒနယ် |

၆။ ၎င်းအပြင် ပြည်သူ့လွှတ်တော်၏ ၁၆-၂-၂၀၁၆ ရက်စွဲပါအမိန့်အမှတ်(၁/၂၀၁၇)ဖြင့် အောက်ဖော်ပြပါ တပ်မတော်ကိုယ်စားလှယ် နှစ်ဦးအား လေ့လာသူများအဖြစ် ထပ်မံတာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ကြည်း ၁၉၅၀၄ | ဗိုလ်မှူးကြီး နေလင်း |
| ( ခ ) | ကြည်း ၂၂၆၄၈ | ဒုတိယဗိုလ်မှူးကြီး မိုးကျော် |

**ကော်မတီသက်တမ်း**

၇။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ ပြဋ္ဌာန်းချက်အရ ကော်မတီ၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။

၈။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**မူကြမ်း**

**ကော်မတီ၏ တာဝန်များ**

၉။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၈ ပြဋ္ဌာန်းချက်အရ ကော်မတီသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့စည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သုံးစွဲခွင့်ပြုထားသောငွေကြေးများကို ထိရောက်စွာ အသုံးပြု/မပြု သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်းရှိ/မရှိတို့ကို စိစစ်ရမည်။

( ခ ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

( ဂ ) အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရမည်-

(၁) ပြည်ထောင်စုအစိုးရ၏တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ။

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနကသတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့် ကိစ္စများ။

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များ။

(၄) ပြည်ထောင်စုလွှတ်တော်သို့တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ကိစ္စများ။

**မူကြမ်း**

၁၀။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၉ ပြဋ္ဌာန်းချက်အရ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ/မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

၁၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၀ ပြဋ္ဌာန်းချက်အရ ကော်မတီသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညွှန်ကြားချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကိုစစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၁၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁ ပြဋ္ဌာန်းချက်အရ ကော်မတီက စိစစ်ပေးရန် လိုအပ်သော ကိစ္စနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်က ဆုံးဖြတ်၍ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး မိမိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည် တင်ပြရမည်။

၁၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၂ ပြဋ္ဌာန်းချက်အရ ကော်မတီဝင်များသည်-

(က) ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက ကဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင် အဖြစ် တာဝန်ထမ်းဆောင်ရမည်။

( ခ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကြောင်းအကြောင်း ဖော်ပြလျက် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၄။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ ပြဋ္ဌာန်းချက်အရ ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခုအကျုံးဝင် တူညီနေပါက ကော်မတီသည် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၅။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၄ ပြဋ္ဌာန်းချက်အရ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက် များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၁၆။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၅ ပြဋ္ဌာန်းချက်အရ၊ နည်းဥပဒေ ၆၈ မှ ၇၁ အထိပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

( ခ ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့် ရှိသည်။

၁၇။ ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်ကတာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇(က)၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ တို့နှင့်အညီ လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၂-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)ဖြင့် အောက်ဖော်ပြပါ ပြည်သူ့ငွေစာရင်း ကော်မတီမှ အဖွဲ့ဝင် (၇)ဦးအား ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းခဲ့ပါသည် -

**မူကြမ်း**

| | | | |
|---|---|---|---|
| (က) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ(၂) |
| ( ခ ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဗိုလ်မှူးချုပ်သန်းလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

**ကော်မတီအစည်းအဝေးများ ကျင်းပနိုင်မှုအခြေအနေ**

၁၈။ အစီရင်ခံသည့် (၁-၂-၂၀၁၆ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့) ကာလအတွင်း ကော်မတီအစည်းအဝေးပေါင်း (၁၉)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အခွန်အကောက်ရငွေနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာန(၂)ခုအား တွေ့ဆုံ၍ ရငွေဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့ပါသည်။

**စိစစ်ရမည့်ဥပဒေများ**

၁၉။ ပြည်သူ့ငွေစာရင်းကော်မတီသည် အောက်ပါ ဥပဒေ (၄)ခု အား စိစစ်ရမည်ဖြစ်ပါသည် -

(က) The Public Accounts Default Act (India Act 12, 1850. VOL.1)

( ခ ) The Administration of Public Funds Act (Myanmar Act 3, 1943, VOL.IX)

( ဂ ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃/၂၀၁၄)

(ဃ) မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၅)

၂၀။ အစီရင်ခံသည့်ကာလအတွင်း ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပြင်ဆင်ဖြည့်စွက်ပေးပို့လာ

**မူကြမ်း**

သောဥပဒေအား ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုး၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ ပေးပို့တင်ပြနိုင်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆက်သွယ်ဆောင်ရွက်မှုအခြေအနေ**

၂၁။ အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပတို့တွင် Workshop, Seminar, Call လက်ခံတွေ့ဆုံမှုများနှင့် သင်တန်းတက်ရောက်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ပအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် Workshop, Seminar တက်ရောက်ခြင်း၊ | (၂၄) ကြိမ် |
| ( ခ ) | ပြည်တွင်းအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် Workshop, Seminar တက်ရောက်ခြင်း၊ | (၃) ကြိမ် |
| ( ဂ ) | ပြည်ပခရီးစဉ်များသို့ သွားရောက်သည့် ကိုယ်စားလှယ်ဦးရေစုစုပေါင်းနှင့် | (၁၀) ဦး |
| | သွားရောက်ခဲ့သည့် နိုင်ငံပေါင်း | (၈) နိုင်ငံ |
| (ဃ) | နိုင်ငံခြား Call လက်ခံတွေ့ဆုံမှု | (၄) ကြိမ် |

**အစီရင်ခံစာတင်သွင်းနိုင်မှုအခြေအနေ**

၂၂။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း သီးခြားအစီရင်ခံစာ မတင်သွင်းနိုင်သော်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၌ ပါဝင်သော ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအရ အစီရင်ခံစာ (၁၁)ခုအား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။

**အကြံပြုတင်ပြချက်**

**မူကြမ်း**

၂၃။ ပြည်သူ့ငွေစာရင်းကော်မတီ၏ ၁-၂-၂၀၁၆ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့ထိ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် အားသာချက်၊ အားနည်းချက်များအား အောက်ပါအတိုင်း အကြံပြု တင်ပြအပ်ပါသည် -

(က) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် လွှတ်တော်နှစ်ရပ်မှ ပြည်သူ့ငွေစာရင်း ကော်မတီ အဖွဲ့ဝင်များအားလုံးအား ပါဝင်ဖွဲ့စည်းစေခြင်းဖြင့် ကော်မတီအဖွဲ့ဝင် တစ်ဦးချင်း၏ အရည်အသွေးကို ပိုမိုတိုးတက်စေနိုင်ခြင်း၊

( ခ ) ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များအတွက် ဘဏ္ဍာငွေစိစစ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ရက်တိုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းဖြင့် ဘဏ္ဍာငွေ အရအသုံး စိစစ်ရာတွင် အထောက်အကူပြုနိုင်ခြင်း၊

( ဂ ) အစည်းအဝေးများ ခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြီးပြည့်စုံ သောစာရွက်စာတမ်းမပါရှိခြင်း၊ ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်များမလာရောက်နိုင်ဘဲ ကိုယ်စားသာ တက်ရောက်လာသည့်အတွက် တိကျသော သတင်းအချက်အလက် ရရှိမှုအားနည်းခြင်း၊

**နိဂုံး**

၂၃။ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် စတုတ္ထပုံမှန်အစည်းအဝေး သက်တမ်းကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ဖွဲ့စည်းမှုများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိရှိခြင်းဖြင့် နောင်လာမည့်သက်တမ်းကာလများအတွက် ကော်မတီတာဝန်များကို ထမ်းဆောင်ရာတွင် လည်းကောင်း၊ ကော်မတီကိုစီမံခန့်ခွဲရာတွင်လည်းကောင်း၊ အတိုင်းအတာတစ်ရပ်အထိ အထောက် အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ပြည်သူ့ငွေစာရင်းကော်မတီ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက

၂၆-၅-၂၀၁၇ ရက်နေ့(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လေရှီးမြို့ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)အား မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လေရှီးမြို့ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ) ကို ဘဏ်ခွဲအဆင့် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ကတည်းက မေးမြန်းခဲ့တဲ့မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်း ကတော့ လေရှီးမြို့နယ်ဟာ ဝေးလံခေါင်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့မြို့နယ်ဖြစ်သည့် အားလျော်စွာ မြို့နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများ၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များ ထုတ်ယူရာတွင်လည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ပြည်သူများ ငွေအလွှဲအပြောင်းပြုလုပ်ရာတွင်လည်းကောင်း၊ ပြည်မမှာ ပညာ သင်ကြားနေတဲ့ ကျောင်းသူကျောင်းသားများအတွက် ပညာသင်စရိတ်ပို့ပေးရာတွင်လည်းကောင်း၊ နိုင်ငံတော်မှ နှစ်စဉ်ဆောင်ရွက်နေသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေလုံးငွေရင်းခွင့်ပြုငွေ ထုတ်ယူရာတွင်လည်းကောင်း ဟုမ္မလင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ကို သွားပြီးတော့ ထုတ်ယူနေရတဲ့

အတွက် မလိုအပ်ဘဲ ခရီးစရိတ်ကုန်ကျနေခြင်း၊ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းထုတ်ယူရန်ခက်ခဲခြင်း၊ ငွေထုတ်ယူပြီးတဲ့အခါမှာလည်းပဲ လမ်းခရီးမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေခြင်း စသည့်အခက်အခဲများကြောင့် ဒီမေးခွန်းကို မေးမြန်းရတာဖြစ်ပါတယ်။ သို့ရာတွင် ဒီမေးခွန်းကို တင်ပြပြီးတဲ့နောက်ပိုင်း နှစ်လဝန်းကျင်လောက်ကစပြီးတော့မှ ငွေလွှဲလို့ရပြီဆိုပြီးတော့ သိရှိရပါတယ်။ သို့သော်လည်း ငွေလွှဲ လက်မှတ်တစ်စောင်မှာ အများဆုံးသိန်း ၂၀ ထက်ပိုပြီးတော့မှ လွှဲလို့မရသေးပါဘူး။ လက်ရှိ အခြေအနေမှာ မြို့နယ်ဘဏ်ခွဲစာရင်းထိန်းသိမ်းမှုအဆင့်တိုးမြှင့်ခြင်းသာဖြစ်ပြီးတော့ ဘဏ်ခွဲအဆင့် တိုးမြှင့်ပေးခြင်းမရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်မှလွဲ၍ နယ်မြေ ဒေသအေးချမ်းပြီးတော့ လုံခြုံသည့်အဖြူရောင်နယ်မြေဒေသဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်အတွင်းမှာ ရှေ့တန်းတပ်ရင်းတပ်ဖွဲ့စခန်းများ၊ မြို့နယ်အဆင့်ဖွဲ့စည်းပုံနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့စစ်တမ်းစခန်း များ ချထားပြီးဖြစ်လို့ လုံခြုံမှုရှိသည့် မြို့နယ်ဖြစ်ပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ လိုအပ်ချက်ကိုထောက်ရှု၍ ဘဏ်ခွဲအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ လေရှီးမြို့ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)အား မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုခြင်း မေးမြန်းချက်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်သည် ရုံးချုပ်ဌာနကြီး ခြောက်ခု၊ တိုင်းဒေသကြီးပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်အဆင့်ဘဏ်ခွဲ ၇၅ ခု၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေတိုက်ခွဲအဆင့် ၁၈ ခုနှင့် ကိုယ်စားလှယ်ရုံးခွဲငါးခု စုစုပေါင်း နိုင်ငံတစ်ဝန်းလုံးတွင် ဌာန/ ဘဏ်ခွဲပေါင်း ၃၄၃ ခုဖွင့်လှစ်ပြီး နိုင်ငံတော်ပိုင်ဘဏ်အဖြစ် အစိုးရရဲ့ ဘဏ်လုပ်ငန်းများနှင့်

အများပြည်သူအတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များရဲ့ အဓိကကွာခြားချက်မှာ ပုဂ္ဂလိကဘဏ်များသည် ဘဏ်ခွဲမည်မျှပင်များပြားပါစေ နယ်စွန်နယ်ဖျား မြို့နယ်အသေးများပါမကျန် ဖွင့်လှစ်နိုင်ခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးတွက်ခြေကိုက်မည့်နေရာတွင်သာ ရွေးချယ်ဖွင့်လှစ်ကြခြင်းဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်ကတော့ အစိုးရဌာနစာရင်းများရှိသဖြင့် နယ်စွန်နယ်ဖျားပါမကျန် မြို့နယ်အသေးလေးများအထိ ကုန်ကျစရိတ်အရှုံးခံပြီးတော့ ဖွင့်လှစ်ပေးနေခြင်းဖြစ်ပါတယ်။

လေရှီးဘဏ်(ငွေတိုက်ခွဲ)ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါမှာ သက်တမ်းအားဖြင့် သုံးနှစ်ကျော်ရှိပြီဖြစ်ပါတယ်။ လုပ်ငန်းပမာဏအနေဖြင့် ငွေစုဘဏ်စာရင်းဦးရေ ၁၀၈ ခု၊ ပင်စင်စာရင်းဦးရေ ၁၀၀ ခု၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းဦးရေ ၂၁ ခုတို့ရှိပြီး လစဉ်သွင်းငွေ ပျမ်းမျှ ၁၀ သန်းခန့်၊ လစဉ်ထုတ်ငွေပျမ်းမျှ ၂၅၀ သန်းခန့်ရှိသည်ကို တွေ့ရှိရပါတယ်။ ငွေတိုက်ခွဲရဲ့ ငွေလက်ကျန်ထားပိုင်ခွင့်ရဲ့ပမာဏဟာ ကျပ်သန်းသုံးရာဖြစ်ပါတယ်။ လေရှီးဘဏ်ခွဲမှာ ကြီးကြပ်ရေးမှူးတစ်ဦး၊ ဒုတိယကြီးကြပ်ရေးမှူးတစ်ဦး၊ အကြီးတန်းစာရေးတစ်ဦးနှင့် ငွေကိုင်(၃)တစ်ဦး၊ အငယ်တန်းစာရေးတစ်ဦး စုစုပေါင်း ဝန်ထမ်းငါးဦးထားရှိ ဆောင်ရွက်ပါတယ်။ ငွေလွှဲလုပ်ငန်းနှင့်ပတ်သက်ပြီး လေရှီးမြို့နယ်မှာ အော်တိုတယ်လီဖုန်းလိုင်း အသုံးမပြုနိုင်သေးဘဲ CDMA ဖုန်းလိုင်းတစ်လိုင်းဖြင့်သာ ဆက်သွယ်ဆောင်ရွက်နေရသဖြင့် ငွေလွှဲပို့ခြင်းလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်နိုင်မှုမရှိသေးပါ။

မြို့နယ်ဘဏ်ခွဲအဆင့်ကိုတိုးမြှင့်ပါက ဝန်ထမ်းဦးရေတိုးမြှင့်ခန့်ထားရန်လိုအပ်လာပြီး ငွေကြေးသယ်ယူမှုလမ်းကြောင်းနှင့် ငွေသယ်စရိတ်များလည်း တိုးမြှင့်လာမှာဖြစ်ပါတယ်။ မြို့နယ်ဘဏ်ခွဲရုံး၊ ငွေတိုက်အဆောက်အအုံ စသည်တို့ကိုလည်း ဆောက်လုပ်ပေးရန် လိုအပ်လာပါတယ်။ သို့ဖြစ်ရာ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ပိုမိုလာပြီးတော့ လုပ်ငန်းပမာဏနှင့် ကုန်ကျစရိတ်ကို ချိန်ဆပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေရှီးမြို့နယ်သို့ လမ်းပန်းဆက်သွယ်ရေးအခြေအနေဟာ မုံရွာမြို့မှ ရေကြောင်းဖြင့် ဟုမ္မလင်းမြို့သို့သွားရပြီး ၎င်းမှတစ်ဆင့် ပွင့်လင်းရာသီမှာ ကားဖြင့်လည်းကောင်း၊ မိုးရာသီမှာ မော်တော်ဆိုင်ကယ်ဖြင့်လည်းကောင်း သွားရသဖြင့် ဘဏ္ဍာငွေသယ်ယူရန် လမ်းပန်းဆက်သွယ်မှုခက်ခဲနေသေးခြင်း၊ လေရှီးမြို့နယ်၏လူဦးရေမှာ နှစ်သောင်းကျော်ရှိခြင်း၊ ဆက်သွယ်ရေးအနေဖြင့် CDMA ဖုန်းလိုင်းတစ်လိုင်းဖြင့်သာ ဆောင်ရွက်နေရခြင်းတို့အပြင် ဘဏ်ငွေတိုက်ခွဲအနေ

ဖြင့်လည်း လောလောဆယ်မှာ လုပ်ငန်းများနိုင်နင်းစွာဆောင်ရွက်လျက်ရှိခြင်းကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လေရှီးဘဏ်ငွေတိုက်ခွဲကို လက်ရှိအချိန်မှာတော့ မြို့နယ်ဘဏ်ခွဲအဆင့်ကို တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းမွန်လာပြီးတော့ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ တိုးတက်ပြီး လုပ်ငန်းပမာဏ များပြားလာတဲ့အချိန်မှာ မြို့နယ်ဘဏ်ခွဲအဆင့်ကို တိုးမြှင့်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်းအသုံးစရိတ်များကို အကုန်အစင်သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက်ဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုကို သိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်းအသုံးစရိတ်များကို မှန်ကန်ထိရောက်စွာ အကုန်အစင်သုံးစွဲနိုင်ရေးအတွက် လအလိုက်ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုကိုသိလိုကြောင်း ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်၏စီးပွားရေးကျဆင်းမှုဒဏ်မှကင်းလွတ်ပြီး စီးပွားရေးတိုးတက်စေရန် ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ ရရှိမယ့်ဝင်ငွေများကို မှန်ကန်စွာ၊ ထိရောက်စွာ အသုံးစရိတ်များဖြစ်စေရေး ဝိုင်းဝန်းစဉ်းစားဆုံးဖြတ်နေရသဖြင့် ခွင့်ပြုမိန့်ငွေလုံးငွေရင်းအသုံးစရိတ်များရရှိရန်မှာ လွန်စွာခက်ခဲပါတယ်။ ဒီအကြောင်းကိုလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်းတွင် သာမန်ရငွေများ ငွေလုံးငွေရင်းရငွေများ၊ နိုင်ငံခြားမှထောက်ပံ့ငွေများ၊ ချေးငွေရငွေများ စုစုပေါင်းရငွေထဲကမှ ငွေလုံးငွေရင်းအသုံးစရိတ်နဲ့သာမန်အသုံးစရိတ်ကို ခွဲဝေပြဘတ်ဂျက်ဖြင့် ရေးဆွဲရခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနများမှ ဘတ်ဂျက်စာရင်းများကိုပြုစုရေးဆွဲပြီး ဝန်ကြီးဌာနအားလုံးအတွက် စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာနကစိစစ်ပြီး အစိုးရအဖွဲ့သို့တင်ပြခြင်း၊ အစိုးရအဖွဲ့မှ စီးပွားရေးကော်မရှင်သို့ တင်ပြခြင်း၊ ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်မှစိစစ်ပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို အတည်ပြုခြင်းစသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ပြီးမှ နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပါတယ်။ ဘတ်ဂျက်လုပ်ငန်းစဉ်မှာ အဲဒီအဆင့်တွေပြီးရုံမျှနဲ့ ပြီးမြောက်ပြီ လို့မယူဆပါဘူး။ ရငွေအပိုင်းမှာ အတည်ပြုထားတဲ့ကိန်းဂဏန်းတွေ ကျော်လွန်ရရှိရန် ဆောင်ရွက် နေရသလို အသုံးစရိတ်တွေကိုလည်း ထိရောက်စွာသုံးစွဲခြင်း၊ ဘတ်ဂျက်သုံးစွဲငွေအပေါ် စာရင်းစစ် စစ်ဆေးခံသဖြင့် စရိတ်များဖြစ်စေခြင်းစသည်တို့ကို ပွင့်လင်းမြင်သာစွာရှိခြင်းတို့ဖြင့် ဆောင်ရွက် ပြီးမှသာ ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ပြီးမြောက်သည်ဟု သုံးသပ်ပါတယ်။ မြန်မာနိုင်ငံ၏ သတ်မှတ် ထားတဲ့ ဘဏ္ဍာရေးနှစ်မှာ ဧပြီလ ၁ ရက်နေ့မှ နောက်နှစ် မတ်လ ၃၁ ရက်နေ့ထိဖြစ်ပါတယ်။ သို့ပါ၍ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်များအတွက် ဝန်ကြီးဌာနအသီးသီးက လက်အောက်ခံလုပ်ငန်း၊ ဌာန များသို့ ခွင့်ပြုချက်အကြောင်းကြားခြင်း၊ တင်ဒါခေါ်ယူခြင်း၊ တင်ဒါလျှောက်ထားသည့် ကုမ္ပဏီများအား စိစစ်ရွေးချယ်အတည်ပြုခြင်း၊ လုပ်ငန်းများမြေပြင်တွင်စတင်ဆောက်လုပ်ခြင်း၊ နိုင်ငံခြားမှစက်ပစ္စည်း မှာခြင်းစတဲ့ လုပ်ငန်းအဆင့်ဆင့်အပေါ် အချိန်နှင့်တစ်ပြေးညီစီမံချက်ချမှုများရှိ/မရှိ၊ ရှိပါက ထိုအစီအစဉ်များကို ပြည်သူများသိခွင့်ရနိုင်မလဲ၊ ဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ရှင်းလင်း ပြောပြစေလိုပါတယ်။

နောက် ဒီဘတ်ဂျက်ကိုကုန်အောင် ဘာလို့သုံးသင့်သလဲဆိုတော့ ကျွန်တော့်အတွေ့အကြုံအရ မနှစ်က ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ချောက်မြို့ကိုလာပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တင်ပြပါတယ်။ ချောက်ဆေးရုံနဲ့ လင်းတန်းတိုက်နယ်ဆေးရုံကြီးက ဘတ်ဂျက်အမီ လုပ်ပေးဖို့ပြောတဲ့အခါမှာ ဝန်ကြီးချုပ်က ပူးပေါင်းဆောင်ရွက်မယ်။ ဒါနဲ့ ပြီးခဲ့တဲ့နှစ်ကလည်း ငွေလုံးငွေရင်းဘတ်ဂျက်တွေ သန်းပေါင်းများစွာ အများကြီးအပ်တယ်လို့ ပြောသွားပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက အကြီးအကဲတွေနဲ့တွေ့ဆုံမေးမြန်းတဲ့အခါမှာလည်း ၂၀၁၅-၂၀၁၆ ခုနှစ်က အောက်တိုဘာလစာရင်း ငွေလုံးငွေရင်းအပ်ငွေတွေ သန်းပေါင်းမြောက်မြားစွာ ရှိတယ်လို့ ကျွန်တော်သိရှိရပါတယ်။

ဒီဘက် တစ်ဖက်မှာလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေက မိမိဒေသမှာရှိတဲ့ မြေနီလမ်းတွေကို ကျောက်ခင်းပေးနိုင်မလား။ နယ်တွေမှာရှိတဲ့ကျေးရွာက ဆရာဆရာမတွေ

အိမ်ဆောက်ပေးနိုင်မလားဆိုတော့ ဘတ်ဂျက်မှာမပါတဲ့အခါကျတော့ ဘတ်ဂျက်မပါပါဘူး။ နောက်နှစ်မှပဲ အစီအစဉ်ကြည့်ပြီးရေးဆွဲမယ်ပြောတယ်။ အဲဒီနှစ်ခုက ကျွန်တော်စဉ်းစားတဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးခံစားရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဘတ်ဂျက်ကိုအမြန်ဆုံးကုန်စင်အောင်သုံးစေချင်တယ်။ နောက်တစ်ချက်က မနှစ်က လွှတ်တော်မှာပဲ ကျွန်တော်တို့ ချောက်မြို့ကဆေးရုံနဲ့ လင်းတန်းဆေးရုံဆောက်ဖို့အတွက် ကျွန်တော်တင်ပြပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တင်တဲ့အချိန်မှာ ဖေဖော်ဝါရီလရှိနေပြီ။ ဖေဖော်ဝါရီ၊ မတ် လုံးဝမပြီးတော့ဘူး။ မပြီးတဲ့အခါကျ ဝန်ကြီးက ဒါကိုနောက်ထပ် သုံးလ၊ ခြောက်လအဖြစ်ခွင့်ပြုပေးရင်တော့ ကောင်းမှာပဲလို့ ဒီမှာဖြေသွားတယ်။ အခုလည်းရတယ်။ ကျွန်တော်တို့ သုံးလထိခွင့်ပြုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ချောက်မှာလည်း ဆေးရုံက ပြီးတော့မယ်။ အဲဒီလိုတွေမဖြစ်အောင်၊ အဲဒီအချက်မျိုးမတွေ့ကြုံအောင် ဒီမေးခွန်းကိုမေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်းအသုံးစရိတ်များကို ထိရောက်စွာအကုန်အစင်သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအချိန်မီဆောက်လုပ်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်းများကို ပြီးမြောက်စေရန် လအလိုက်ဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုများကို သိလိုကြောင်း ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘိုကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီးငွေလုံးငွေရင်းအသုံးစရိတ်များကို အကုန်အစင်သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက်ဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုများကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘိုကြီး သုံးသပ်တင်ပြထားသည့်အတိုင်း ဘတ်ဂျက်လုပ်ငန်းစဉ်ဟာ ခန့်မှန်းရငွေများလို့အတည်ပြုထားတဲ့ ကိန်းဂဏန်းများကို ရရှိရန်နှင့်ကျော်လွန်စေရန်၊ ဆောင်ရွက်ရသကဲ့သို့ အသုံးစရိတ်များကိုလည်း ထိရောက်စွာသုံးစွဲစေခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လေလွင့်မှုမရှိစေရန်ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်သုံးစွဲငွေများအပေါ် စာရင်းစစ်များစစ်ဆေးခံနိုင်သည့်စရိတ်များဖြစ်စေရန်ဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သတ်မှတ်ပေးထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ခြင်း၊ ခိုင်ခံ့သောအဆောက်အဦ၊ လမ်းတံတားလုပ်ငန်းများဖြစ်စေခြင်း၊ ပြည်ပမှဝယ်ယူရမည့် ပစ္စည်းများဝယ်ယူရာမှာလည်း သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံသို့စက်ပစ္စည်းများအချိန်မီရောက်ရှိစေခြင်း၊ အချိန်မီသုံးစွဲစေခြင်းစသည်တို့ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်အောင်စီမံဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ဖြင့် ဒီလုပ်ငန်းစဉ်မှာပြီးမြောက်မည်ဖြစ်သည်မှာ အလွန်မှန်ကန်တဲ့အချက် ဖြစ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်၏အရင်းအမြစ်ခွဲဝေမှုများ (Resources Allocations)ကို သမားရိုးကျနှစ်စဉ်တိုးမြှင့်လျာထားတဲ့ပုံစံအစား ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေကြပြီဖြစ်တဲ့မူဝါဒကို အခြေခံတဲ့ဘတ်ဂျက်ရေးဆွဲခြင်း(Policy Based Budgeting) ဖြစ်စေရန်အတွက် ကမ္ဘာ့ဘဏ်ထံမှနည်းပညာအကူအညီများရယူပြီးတော့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framewok-MTFF)ရေးဆွဲတည်ဆောက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ကစပြီးတော့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲပြီးတော့ အများဆုံးထားရှိနိုင်တဲ့ လိုငွေတွက်ချက်ပါတယ်။ လိုငွေနဲ့ GDP အချိုးကိုလည်း ၅ ရာခိုင်နှုန်းထက်မကျော်လွန်စေရန် ထိန်းသိမ်းပြီးတော့ ဌာနအဖွဲ့အစည်းများက အမြင့်ဆုံးသုံးစွဲနိုင်မယ့်အသုံးစရိတ်ဘောင်များကို ချမှတ်ပေးပါတယ်။ သို့ရာတွင် ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အသုံးစရိတ်ဘောင်အတွင်းမှာ အမျိုးသားစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ ၎င်းတို့လျာထားတဲ့စီမံကိန်းများကို အချိန်မီပြီးစီးအောင်မဆောင်ရွက်နိုင်ခြင်း၊ ပစ္စည်းဝယ်ယူမှုများမှာလည်း ပစ္စည်းများအချိန်မီမရောက်ရှိခြင်းများကြောင့် အချိန်မီငွေပေးချေနိုင်မှုမရှိခြင်း၊ ရရှိမည်ဟုလျာထားတဲ့ ပြင်ပအကူအညီရငွေ၊ ချေးငွေအချို့ဟာလည်း အချိန်မီမရရှိခြင်းစသည်တို့ကြောင့် အသုံးစရိတ်များကို မူလလျာထား

တဲ့အတိုင်း မသုံးစွဲနိုင်ခြင်းကြောင့် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုများဟာ လျာထား ချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိဘဲ ပိုလျှံငွေအပ်နှံမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေးနှစ်အတွင်းမှာ ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် ခွင့်ပြုထားတဲ့ လုပ်ငန်းများကို အချိန်မီတင်ဒါခေါ်ယူဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများအားလုံးကို ၂၀၁၆ ခုနှစ် ဇွန်လမှာ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ထို့အပြင် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမယ့်လုပ်ငန်းများကို စံချိန် စံညွှန်းပြည့်မီစွာပြီးစီးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် ဌာနအဖွဲ့အစည်းများရဲ့လုပ်ငန်း အကောင်အထည်ဖော်မှုအခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးခြင်း၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကို အသစ် ပြန်လည်ဖွဲ့စည်းပြီး စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီး ငွေလုံးငွေရင်းအသုံးစရိတ်များကို အကုန်အစင် သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အတွင်းမှာ အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက် ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက် ကြရမှာဖြစ်ပါတယ်။ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကလည်း လစဉ်စိစစ်ပေး သွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ဆောင်ရွက်ရန် လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများအနေနဲ့ ပထမသုံးလပတ်ဖြစ်တဲ့ ဧပြီလ၊ မေလ၊ ဇွန်လများအတွင်းမှာ တင်ဒါခေါ်ယူမှုလုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်ခြင်း၊ ဒုတိယသုံးလပတ် ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများမှာ တည်ဆောက်ရေးလုပ်ငန်းများကိုစတင်ခြင်း၊ ပစ္စည်းများလက်ခံခြင်း၊ တတိယ သုံးလပတ်နဲ့ စတုတ္ထသုံးလပတ်တို့မှာ လုပ်ငန်းများအပြီးသတ်ပြီးတော့ ငွေပေးချေမှုများ ပြီးစီးအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းပမာဏကြီးမားတဲ့ တည်ဆောက်ရေး၊ ဝယ်ယူရေးကိစ္စရပ်များကို အချိန်မီ ပြီးစီးနိုင်အောင် ဆောင်ရွက်ခြင်းနဲ့ ငွေပေးချေမှုများကိုလည်း ဘဏ္ဍာနှစ်အတွင်းမှာပြီးပြတ်အောင် ပေးချေခြင်းတို့ကို ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ကွပ်ကဲကြပ်မတ်ဆောင်ရွက်နိုင်မှုအတွက် နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့ကလည်း စောင့်ကြည့်ကြပ်မတ်လျက်ရှိပါတယ်။

**မူကြမ်း**

ဘဏ္ဍာရေးကော်မရှင်ရဲ့ (၂/၂၀၁၆)ကြိမ်မြောက်အစည်းအဝေးမှာ မိန့်ကြားတဲ့နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်အဖွင့်အမှာစကားမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများကိုသုံးစွဲရာမှာ စိစိစစ်စစ်ဖြင့် ပြည်သူ့အကျိုးအတွက်စနစ်တကျရှိစေရန်၊ အသုံးစရိတ်သုံးစွဲမှုများနှင့်ပတ်သတ်ပြီး ပွင့်လင်းမြင်သာမှု မြှင့်တင်ပြီး စောင့်ကြည့်မှုခံယူနိုင်ရန်၊ နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်မည့်စီမံကိန်း၊ ဘတ်ဂျက်များ ဖြစ်ရန် အစိုးရဌာနဆိုင်ရာများက တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရန်၊ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲကြရာမှာ ချမှတ်ထားတဲ့ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာသုံးစွဲကြရန်တို့ကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်က လိုက်နာကျင့်သုံးနိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၁-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၁၃/၁၆၅-ဘဏ္ဍာရေး-၁/၁/အဖရ(၂၀၁၇)ဖြင့် ညွှန်ကြားထားရှိပြီးလည်းဖြစ်ပါတယ်။

ယခုအခါမှာ ပြည်ထောင်စုဝန်ကြီးဌာနများဟာ တည်ဆောက်ရေး၊ ဝယ်ယူရေးတင်ဒါများ စတင်ခေါ်ယူနေကြပြီဖြစ်သည်ကို နေ့စဉ်ထုတ်သတင်းစာများမှာလည်း တွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်သမ္မတရုံးကလည်း တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အဖြစ်နဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို ၁၀-၄-၂၀၁၇ ရက်နေ့က ထုတ်ပြန်ထားရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများက တိုင်းဒေသကြီး/ပြည်နယ်များမှာ တည်ဆောက်မယ့်လုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကိုလည်း တင်ဒါများခေါ်ယူဆောင်ရွက်ပေးဖို့ လုပ်ငန်းအပ်နှံမှုများလည်း ရှိပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်ဘတ်ဂျက်မှ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အမှန်တကယ်ကုန်ကျသင့်သည်ထက်ချပေးသည့်ငွေက ပိုမိုနေသည့်အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန်နှင့် စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် B/Q တွက်ချက်မှုပုံစံများအား ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုမေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်ဘတ်ဂျက်မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အမှန်တကယ်ကုန်ကျသင့်သည်ထက်ချပေးသည့်ငွေ ဘတ်ဂျက်ကပိုမိုနေတဲ့အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန်နှင့်စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် အရည်အသွေးစစ် B/Q တွက်ချက်မှုပုံစံများအား အလွယ်တကူထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါကမည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပါမည်နည်း။ မရှိပါက အဘယ်ကြောင့်ဆိုတာကို သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ နိုင်ငံတော်ဘတ်ဂျက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ နှစ်စဉ်ဘတ်ဂျက်များချပေးကာ ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါတယ်။ ထိုသို့ ဘတ်ဂျက်ချပေးရာတွင် အမှန်တကယ်ကုန်ကျသင့်သည့်ငွေများထက် ပိုမိုတွက်ချက်ကာ ချပေးနေကြောင်း တွေ့ရှိရပါတယ်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာတွေမှာကိုယ်ထူကိုယ်ထ လမ်းခင်းခြင်းအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်တဲ့နေရာမှာ ကုန်ကျတဲ့ငွေနဲ့ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်သော တည်ဆောက်ရေးလုပ်ငန်းများတွင် ကုန်ကျငွေများမှာ များစွာကွာခြားမှုရှိနေပြီး အရည်အသွေးခြင်းနှိုင်းယှဉ်ကြည့်လျှင်တော့ သိပ်ကွာခြားမှုမရှိပါဘူး။ ဒါကြောင့် တိုင်းပြည်ရဲ့ဘဏ္ဍာငွေများဟာ လေလွင့်ဆုံးရှုံးမှုများစွာရှိနေပြီး အရည်အသွေးများမှာလည်း ငွေကုန်သလောက်ပြည့်မီခိုင်ခံ့ခြင်းများမရှိဖြစ်နေပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ တံတားနှင့်တည်ဆောက်ရေးလုပ်ငန်းအချို့ဆိုရင်လည်း အာမခံပေးထားတဲ့ နှစ်မတိုင်မီမှာပဲ ပျက်စီးမှုတွေရှိနေတဲ့အတွက် ပြန်လည်ပြင်ဆင်ခိုင်းရခြင်းများရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကုန်ကျမည့်ငွေကို ခန့်မှန်းတွက်ချက်တဲ့နေရာမှာ မြေပြင်အခြေအနေပေါ်မူတည်ပြီး သက်ဆိုင်ရာဒေသ ပေါက်ဈေးနှုန်းများအတိုင်း အင်ဂျင်နီယာတွေရဲ့တွက်ချက်မှုအရ သတ်မှတ်ကာ အဆင့်ဆင့်တင်ပြတောင်းဆိုခြင်းများ ပြုလုပ်ကြရပါတယ်။ ယင်းသို့ တင်ပြတောင်းဆိုတဲ့နေရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်လုပ်ငန်းတန်ဖိုးများ တင်ပြတောင်းခံထားမှုများမှာ ယခင်နှစ်များထက် လွန်စွာများပြားနေကြောင်း တွေ့ရှိရပါတယ်။ ဥပမာအနေဖြင့်ဆိုရင်

ကွန်ကရစ်လမ်းအကျယ် ၁၂ ပေ၊ ထု ၇ လက်မ တစ်မိုင်စံနှုန်းများဟာ ယခင်နှစ်ဘဏ္ဍာနှစ်တုန်းကဆိုရင် ကျပ် ၈၈ သန်းသာရှိခဲ့တဲ့နေရာမှာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၂၁၁ သန်းအထိ တင်ပြတောင်းခံခွင့်ပြုထားခြင်းများ ရှိနေပါတယ်။ ထို့အတူ ကျောက်ချောလမ်းများ၊ တံတားများနှင့် ကျန်တည်ဆောက်ရေးလုပ်ငန်းများမှာလည်း လုပ်ငန်းတန်ဖိုးများတင်ပြတောင်းခံမှုတွေဟာ လွန်စွာများပြားနေပါတယ်။ ယခုအခါမှာလည်း လမ်း၊ တံတားတည်ဆောက်တဲ့နေရာမှာလည်း အသုံးပြုရတဲ့ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်းဈေးနှုန်းများဟာလည်း ယခင်နှစ်ဈေးနှုန်းများထက် ပိုမိုသက်သာလွယ်ကူစွာ ဝယ်ယူရရှိနေကြောင်း သိရှိရပါတယ်။ နိုင်ငံတော်ဘတ်ဂျက်မှာ နည်းပါးနေတဲ့အတွက် ဘတ်ဂျက်များကို အမှန်တကယ်သာ စိစစ်ရောင်းချနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် ဘဏ္ဍာငွေများစွာပိုလျှံလာမှာဖြစ်ပြီး ပိုလာတဲ့ဘဏ္ဍာငွေနဲ့ လိုအပ်သောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ပြီး လုပ်ဆောင်နိုင်မည်ဖြစ်ရာ သက်ဆိုင်ရာဒေသအသီးသီးရဲ့ လိုအပ်ချက်တွေကိုလည်း ပိုမိုဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ အခုအခါမှာတော့ လုပ်ငန်းတစ်ခုတည်းမှာပဲ ငွေများစွာကုန်ကျထားပြီး ဘတ်ဂျက်အခက်အခဲကြောင့်ဟုဆိုကာ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်မဖော်နိုင်တဲ့အတွက် သက်ဆိုင်ရာ ဒေသခံပြည်သူများမှာ နစ်နာမှုရှိနေပြီး အကျိုးခံစားနေရသူများကတော့ အကျိုးခံစားခွင့်တွေ ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၎င်းအပြင် ယင်းလုပ်ငန်းတွေကိုခန့်မှန်းတွက်ချက်မှုကြီးကို တောင်းတဲ့အခါမှာလည်း အလွယ်တကူမရရှိနိုင်ဖြစ်နေ၍ စစ်ဆေးမှုပြုရန် အခက်အခဲများရှိနေပါတယ်။ လုပ်ငန်းခန့်မှန်းတွက်ချက်မှုများကို အလွယ်တကူရရှိနိုင်ပါက စစ်ဆေးမှုများကို မှန်ကန်စွာစစ်ဆေးနိုင်ပြီး အရည်အသွေးပြည့်မီသော လုပ်ငန်းများအကောင်အထည်ဖော်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအလိုက် အမှန်တကယ်ကုန်ကျသင့်တဲ့ ဘတ်ဂျက်ငွေဖြင့် လုပ်ငန်းများပိုမိုလုပ်ကိုင်နိုင်စေရန်နဲ့ အရည်အသွေးမြင့်မားစေရန်အတွက် အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော

ညွှန်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ နိုင်ငံဘတ်ဂျက်မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ အမှန်တကယ်ကုန်ကျသင့်သည်ထက် ချပေးသည့်ငွေ(ဘတ်ဂျက်)က ပိုမိုနေသည့်အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် အရည်အသွေးစစ် B/Q တွက်ချက်မှုပုံစံများအား အလွယ်တကူထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်း၊ မရှိပါကအဘယ်ကြောင့်ကို သိလိုခြင်းဆိုသည့်မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင် အပိုင်းနှစ်ပိုင်းတွေ့ရှိရပါတယ်။ ပထမအပိုင်းဟာ နိုင်ငံတော်ဘတ်ဂျက်မှ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ အမှန်တကယ်ကုန်ကျသင့်သည်ထက် ချထားပေးသည့်ငွေ(ဘတ်ဂျက်)က ပိုမိုနေသည့်အတွက် တည့်မတ်ထိန်းညှိဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဒုတိယပိုင်းကတော့ စီမံကိန်းလုပ်ငန်းများရဲ့ အရည်အသွေးစစ်ရန် အရည်အသွေးစစ် B/Q တွက်ချက်မှုပုံစံများကို အလွယ်တကူထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်း၊ မရှိပါက အဘယ်ကြောင့်ကို သိလိုခြင်း ဖြစ်ပါတယ်။

ပထမပိုင်းနှင့်ပတ်သက်ပြီးတော့ ဦးစွာရှင်းလင်းဖြေကြားပါ့မယ်။ ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို နှစ်စဉ်သမားရိုးကျ တိုးမြှင့်လျာထားခဲ့တဲ့ပုံစံကနေ (Incremental Base Budgeting) ကနေပြီးတော့ မူဝါဒကိုအခြေခံတဲ့ပုံစံဖြစ်တဲ့ (Policy Base Budgeting) ဖြစ်စေဖို့ ကမ္ဘာ့ဘဏ်အကူအညီနဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတာကို တင်ပြပြီးဖြစ်ပါတယ်။

နှစ်လတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲပြီးတဲ့နောက်မှာ အများဆုံးထားနိုင်မည့် လိုငွေကို ကျွန်တော်တို့ လိုငွေနှင့်ဂျီဒီပီအချိုး ၅ ရာခိုင်နှုန်းထက်မကျော်လွန်စေရန် ပမာဏအတွင်းမှာ စတင်ရည်မှန်းပါတယ်။ ထို့နောက် ရငွေများကို ခန့်မှန်းတွက်ချက်ပါတယ်။ အဲဒီရငွေနှင့် လိုငွေမှန်းထားတဲ့အပေါ်မှာ မူတည်ပြီးတော့မှ အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ပါတယ်။ အဆိုပါခန့်မှန်းတွက်ချက်ထားတဲ့အခြေအနေအရ ဌာနအဖွဲ့အစည်းများအလိုက်ကို အမြင့်ဆုံးသုံးစွဲနိုင်မည့် အသုံးစရိတ်ဘောင်

များကို သတ်မှတ်ပေးပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာ သာမန်အသုံးစရိတ်ဘောင်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဘောင်ဆိုပြီးတော့ ခွဲခြားသတ်မှတ်ပေးပါတယ်။

သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက သတ်မှတ်တဲ့ဘောင်အတွင်းမှာ ရေးဆွဲပြီးတော့ တင်ပြလာတဲ့ အသုံးစရိတ်လျာထားချက်များအနက်မှ သာမန်အသုံးစရိတ်များကို ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်များအနက် စက်ပစ္စည်းဝယ်ယူမှုအသုံးစရိတ်များကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီက စိစစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းများကိုတော့ လုပ်ငန်းများကို ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ စိစစ်ပါတယ်။ အခြားငွေလုံးငွေရင်းအသုံးစရိတ်များကိုတော့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက စိစစ်ပါတယ်။ ဌာနများကနေ အဲဒီလိုစိစစ်ပြီးတဲ့နောက်မှာ ဌာနအသီးသီးကို ပြန်လည်ပေးပို့ပြီးတော့ ဌာနများက ပြန်လည်ပေးပို့တင်ပြလာတဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စုစည်းပေါင်းချုပ်ပြီးတော့မှ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနကလည်း အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ရေးဆွဲတင်ပြပါတယ်။

အမျိုးသားစီမံကိန်းဥပဒေမှာပါတဲ့ လုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ ၎င်းတို့လျာထားတဲ့စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ဘတ်ဂျက်ကို တင်ပြပြီးတော့ လျာထားခဲ့ကြသော်လည်းပဲ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပစ္စည်းဝယ်ယူမှုများဟာ ပစ္စည်းများအချိန်မီရောက်ရှိမလာခြင်းများကြောင့် အချိန်မီငွေပေးချေနိုင်မှုမရှိခြင်း၊ ရရှိမည်ဟုမှန်းထားတဲ့ ပြည်ပအကူအညီရငွေနှင့်ချေးငွေများ အချိန်မီရရှိမလာခြင်း စသည်တို့ကြောင့် ကျွန်တော်တို့ မူလလျာထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိဘဲ ပိုလျှံငွေအပ်နှံရခြင်းများ တွေ့ရပါတယ်။ တစ်ဖန်ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ရာမှာ ပညာရှင်တွေပါဝင်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့က စိစစ်ပြီးမှသာ ခွင့်ပြုခြင်းဖြစ်ပါတယ်။ ခွဲဝေရရှိတဲ့ ရန်ပုံငွေအလိုက် လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီများဖွဲ့စည်းပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူစေတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးနှစ်အသစ်အတွက်ကို

ငွေလုံးငွေရင်းလျာထားချက် ယခင်ဘဏ္ဍာရေးနှစ်က ပစ္စည်းတင်ဒါဈေးနှုန်းတွေကို၊ ဒေသပေါက်ဈေးနှုန်းအရ လုပ်အားခတွေစသည်တို့အပေါ်မှာ အခြေခံပြီးတော့ ခန့်မှန်းလျာထားရေးဆွဲကြခြင်းဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်းမှာ လျာထားစဉ်အချိန်ကထက် ပစ္စည်းတင်ဒါဈေးနှုန်းများဟာ မြင့်တက်လာခြင်း သို့မဟုတ် လျော့ကျသွားခြင်း၊ လုပ်အားခဈေးနှုန်းများ မြင့်တက်ခြင်း၊ စက်ယန္တရားလိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့ ပြင်ပကနေ စက်/ယာဉ်များ ငှားရမ်းသုံးစွဲရခြင်းစတဲ့ (Material, Men, Machine) စသည်တို့မှာ အချိန်ကာလနှင့် အခြေအနေအရ အပြောင်းအလဲများ ဖြစ်ပေါ်တတ်တဲ့အတွက်ကြောင့် မူလလျာထားတဲ့ လုပ်ငန်းပမာဏနှင့် လျာထားသည့်ကုန်ကျငွေဟာလည်း အနည်းငယ်ကွာဟချက်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။ အမှန်တကယ်ကုန်ကျတဲ့ငွေထက်ချပေးတဲ့ငွေ ဘတ်ဂျက်က ပိုမိုမှုမရှိစေရန်အတွက်ကိုတော့ (၁) ဘတ်ဂျက်မရေးဆွဲမီကပင် အသုံးစရိတ်ဘောင်ကို သတ်မှတ်ပေးခြင်း၊ (၂) အဆင့်ဆင့်စိစစ်ခြင်း၊ (၃) လွှတ်တော်မှလည်း ထပ်မံစိစစ်ခြင်း၊(၄) လိုအပ်ပါက ပြုပြင်ပြီးခန့်မှန်းခြေတွင် ပြင်ဆင်ရေးဆွဲခြင်း၊ (၅) ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ (၆) ပိုလျှံငွေပြန်လည်အပ်နှံစေခြင်းစသည့်နည်းလမ်းများဖြင့် တည့်မတ်ထိန်းညှိပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဒုတိယအပိုင်းကို ရှင်းလင်းဖြေကြားပါမယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်ပါ ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ငွေလုံးငွေရင်းလုပ်ငန်းများရဲ့ ခန့်မှန်းခြေစာရင်းများကို တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေနှင့် ဆောင်ရွက်တဲ့လုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကိုလည်းကောင်း တင်ပြပြီးတော့ အတည်ပြုချက်တောင်းခံရပါတယ်။ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီအသီးသီးက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးပြီးတော့ ကော်မတီများရဲ့ အတည်ပြုချက်ရရှိပြီးမှသာ ဘဏ္ဍာရေးနှစ်အလိုက်သုံးစွဲမည့် ရန်ပုံငွေများကို ပြည်ထောင်စုစာရင်းစစ်ရုံးက စာရင်းစစ်ဆေးခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို စစ်ဆေးဆောင်ရွက်မှာဖြစ်ပါတယ်။ ငွေလုံးငွေရင်းလုပ်ငန်းတွေ ဆောင်ရွက်ခြင်းမပြုမီမှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီးတော့ အသေးစိတ်တိုင်းတာပုံထုတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ချိန်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များကနေ သတ်မှတ်ဒီဇိုင်းများနှင့် ကိုက်ညီမှုရှိ/မရှိ၊ အရည်အသွေး

ပြည့်မီအောင် ဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို B/Q များနှင့် တိုင်းတာစစ်ဆေးကြပ်မတ်ခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ တာဝန်ရှိသူအဆင့်ဆင့်က အခါအားလျော်စွာကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာနရဲ့ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်ဆေးရေးအဖွဲ့များကိုလည်းကောင်း အရည်အသွေးစစ်ပုံစံ B/Q များကို ဌာနအစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ စီမံကိန်းလုပ်ငန်းများ အရည်အသွေးစစ်ဖို့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနကိုလည်း ပြန်လည်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်များကို အလေးထားပြီး ပြည်သူ့ဘဏ္ဍာငွေများကို ခွဲဝေသုံးစွဲရာမှာ ပြည်သူအတွက်ထိရောက်အကျိုးရှိစေတဲ့ သုံးစွဲမှုများ ဖြစ်စေရန် မျက်ခြေမပျက် ကြိုးပမ်းသွားမှာဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း မြေပြင်တွေ့ရှိချက်များကို ကျွန်တော်တို့ထံ အကြောင်းကြားပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အစိုးရဝန်ထမ်းများ၏ လက်ရှိရင်ဆိုင်နေရသော စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားသော အားဖြင့် လစာတိုးပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဝန်ထမ်းများအား လစာတိုးပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့လစာနှုန်းထား၊ ယာယီ ရှားပါးစရိတ်နဲ့ အပိုထောက်ပံ့ကြေးပေးမည့်သူကို ၁၉၈၇ ခုနှစ် န.ဝ.တခေတ်ကနေ သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဒီမိုကရေစီအစိုးရလက်ထက်ထိ စုစုပေါင်း ကိုးကြိမ်ဆောင်ရွက်ပေးခဲ့တာကို လေ့လာတွေ့ ရှိရပါတယ်။ န.ဝ.တ၊ န.ယ.က ခေတ် ၂၂ နှစ်အတောအတွင်းမှာ လစာတိုးတာကို ငါးကြိမ်ဆောင်ရွက် ပေးခဲ့ပါတယ်။ ဦးသိန်းစိန်ရဲ့ဒီမိုကရေစီအစိုးရလက်ထက်မှာတော့ လေးကြိမ်ဆောင်ရွက်ပေးခဲ့ပါတယ်။ သမ္မတကြီးလက်ထက်မှာ ၂၀၁၂ ခုနှစ်က ဝန်ထမ်းတိုင်းကို အပိုထောက်ပံ့ကြေး ၃၀၀၀၀ တိုးပေးခဲ့ပါ တယ်။ ၂၀၁၃ ခုနှစ်မှာတော့ ယခင်လစာနှုန်းထား ၃၅၀၀၀-၁၀၀၀-၄၀၀၀၀ ရတဲ့စာရေးဝန်ထမ်းကို

၅၅၀၀၀-၁၀၀၀-၆၀၀၀၀ အထိတိုးပေးခဲ့ပါတယ်။ ကျန်အဆင့်တွေကိုလည်း အချိုးကျတိုးပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဲဒီစာရေးဝန်ထမ်းအဆင့်ကိုပဲ လစာနှုန်း ၇၅၀၀၀-၁၀၀၀-၈၀၀၀၀ အထိ တိုးပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အဲဒီစာရေးဝန်ထမ်းအဆင့်ကိုပဲ ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ အထိတိုးပေးခဲ့ပါတယ်။ နေ့စားခလည်း တစ်ရက်ကို ၃၆၀၀ အထိ တိုးမြှင့်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းစိန် အစိုးရလက်ထက် ငါးနှစ်အုပ်ချုပ်ရာမှာ လေးကြိမ်တိုးပါတယ်။ ဒီလိုလေးကြိမ်တိုးအောင် ကိုလည်း လွှတ်တော်ရဲ့ ဆွေးနွေးမှုတွေ၊ ဆုံးဖြတ်မှုတွေ၊ တိုက်တွန်းမှုတွေကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ လက်ရှိသမ္မတကြီးအစိုးရလက်ထက်မှာတော့ဖြင့် Inflation ကတက်ပါတယ်။ ကုန်ဈေးနှုန်းလည်းတက်ပါတယ်။ အခြေခံစားကုန်ဖြစ်တဲ့ ဆန်ဈေး၊ ဆီဈေး၊ နောက်ဆုံး ကန်စွန်းရွက်ဈေးထိတက်ပါတယ်။ ရေခ၊ မီးခလည်း မချောင်ပါဘူး။ ရန်ကုန်မှာ YBS ကားစီးရတဲ့ဝန်ထမ်းတွေက ယခင်ထက် နှစ်ဆအချိန်ပိုကုန်ပြီးတော့မှ ငွေလည်း နှစ်ဆပိုကုန်လာပါတယ်။ ဆိုလိုတာကတော့ လူနေမှုစရိတ်က တရိတ်ရိတ်မြင့်တက်နေပါပြီ။ ယခင်အစိုးရကာလမှာတည်းက Corruption ကို တိုက်ဖျက်နေတာပါ။ အခုလည်း Corruption ကိုတိုက်ပါတယ်။ ကျွန်တော်တို့က အားပေးပါတယ်။ ဒါမှလည်း Clean Government ဖြစ်မှာပါ။ ဝန်ထမ်းတွေက အောက်ဆိုဒ်မရတော့ပါဘူး။ လစာလည်းမတိုးဘူး။ အောက်ဆိုဒ်လည်းမရဘူး။ Living Cost ကတက်နေတယ်။ Inflation ကလည်း တက်နေတဲ့အတွက်ကြောင့်မို့လို့ ရတဲ့လစာနဲ့ ဘယ်လိုမှမလောက်ငှတော့ပါဘူး။

ဒီတော့ သူတို့မှာလုပ်စရာ နှစ်နည်းပဲရှိပါတယ်။ တစ်ခုကတော့ ငွေတိုးချေးတာပါ။ ဒါကလည်း အတိုးပေါ် အတိုးဆင့်ပြီးတော့မှ ကြွေးနွံနစ်တာပဲ အဖတ်တင်မှာဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ မဟုတ်တာကိုလုပ်တာပါပဲ။ မဟုတ်တာလုပ်တယ်ဆိုတာကတော့ဖြင့် ကျယ်ပြန့်ပါတယ်။ Corruption လည်း ဖြစ်နိုင်တယ်။ ခိုးပြတိုက်တာ၊ လုယက်တာလည်း ဖြစ်နိုင်တယ်။ ကျန်တာကိုတော့ ဉာဏ်ပညာကြီးမားတဲ့ကိုယ်စားလှယ်ကြီးများ စဉ်းစားသာကြည့်ကြပါ။ ပြည်သူကရွေးချယ်ထားတဲ့ အစိုးရဆိုတာ လိုအပ်ချက်ကို ပြည်သူပြောတာကို စောင့်စရာမလိုပါဘူး။ ပြည်သူကိုဗဟိုပြုပြီးတော့မှ လုပ်သင့်တာကို မဖြစ်မနေလုပ်ပေးရမှာပါ။ ဒါပေမဲ့ သမ္မတကြီး ဦးထင်ကျော်အစိုးရက တိုင်းပြည်အုပ်ချုပ်တာ တစ်နှစ်ကျော်ပါပြီ။ ဝန်ထမ်းတွေအတွက် ဘာမှကိုလုပ်မပေးနိုင်သေးပါဘူး။ အစိုးရဝန်ကြီးတွေ၊ ဆင်းရဲသားလူတန်းစား၊ စာရေးဝန်ထမ်းအဆင့်နှင့် ထမင်းအတူစားဖူးပါသလား။ သူတို့ရဲ့ ထမင်းချိုင့်မှာ ဘာဟင်းပါတယ်ဆိုတာကို ဖွင့်ကြည့်ဖူးပါသလား။ ဒီလိုမျိုးမလုပ်ခဲ့ဘူးဆိုရင်တော့ ဆင်းရဲသားတွေရဲ့ခံစားမှုကို Sympathy လည်းမရှိနိုင်ဘူး။ Empathy လည်းမရှိနိုင်ဘူး။

အောက်ခြေလွတ်ပြီးတော့မှ အဆီရစ်နေတဲ့ ဘူဇွာဝန်ကြီးတွေလို့ ကျွန်တော်မစွပ်စွဲချင်ဘူး။ ဒါပေမဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေကတော့ အဲဒီလိုဝန်ကြီးတွေကို မလိုချင်ဘူးဆိုတာ သိစေချင်ပါတယ်။ ခုတော့ ဝန်ထမ်းငယ်တွေအတွက် သက်သာထမင်းဟင်းစီစဉ်တာကိုတောင်မှ ဝန်ကြီးဌာနတွေမှာ ဖျက်လိုက်တယ်ဆိုတာကြားရတော့ ဝန်ထမ်းတွေအတွက် ကျွန်တော် လုံးဝစိတ်မကောင်းပါဘူး။ နိုင်ငံရဲ့ GDP တွေ၊ GDP Growth တွေ၊ Budget Deficit တွေ၊ IMF နဲ့ World Bank ရဲ့ GDP နဲ့ Budget Deficit ရဲ့ Ratio 5 percent မကျော်ရဘူးဆိုတဲ့ ဒီလို Regulation တွေကို အကြောင်းမပြပါနဲ့။ ဆင်းရဲသားပြည်သူတွေက ဒါတွေကိုစိတ်မဝင်စားဘူး။ ဆင်းရဲသားတွေစိတ်ဝင်စားတာက လစာတိုးပြီး ရရှိရေးပဲဖြစ်ပါတယ်။

အစိုးရဆိုတာ အစကတော့ ရိုးတာပဲဆိုတာ ကျွန်တော်လက်မခံပါဘူး။ တစ်လျှောက်လုံးရိုးသားရမယ်။ ဘယ်လိုရိုးသားရမလဲ။ ပြည်သူကိုဗဟိုပြုမယ်ဆိုတဲ့ ကတိကဝတ်ကို ရိုးသားစွာလက်ခံကျင့်သုံးရမယ်။ ယခု ကျွန်တော်တင်ပြတာက အစိုးရက ပြည်သူကို ပြန်မကြည့်နိုင်ဘဲနဲ့ လစာကိုလုံးဝတိုးမပေးသေးလို့ ကျွန်တော်က ဝန်ထမ်းတွေအားလုံးရဲ့ကိုယ်စား တင်ပြရတာဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် အစိုးရဝန်ထမ်းများရဲ့ လက်ရှိရင်ဆိုင်ရလျက်ရှိတဲ့ စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားတဲ့အနေနဲ့ လစာတိုးပေးဖို့ အစီအစဉ်ရှိ/မရှိဖြစ်ကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ အစိုးရဝန်ထမ်းများ လက်ရှိရင်ဆိုင်ရလျက်ရှိသော စီးပွားရေကျပ်တည်းမှုကို စာနာထောက်ထားသောအားဖြင့် လစာတိုးပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးက အစိုးရဝန်ထမ်းများရဲ့ လစာတိုးမြှင့်မှုကို ယခင်အစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့သော်လည်း ပြည်သူ့အစိုးရဟုကြွေးကြော်လျက်ရှိသော ယခုအစိုးရ လက်ထက်မှာ ဆောင်ရွက်ပေးခြင်းမရှိသေးပါ။

**မူကြမ်း**

သို့ဖြစ်ပါ၍ အစိုးရဝန်ထမ်းများ လက်ရှိရင်ဆိုင်ရလျက်ရှိသော စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားသောအားဖြင့် လစာတိုးပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းထားခြင်းဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းများရဲ့ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို ရှေးရှုပြီးတော့ နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်မှုနှင့်စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်လစာတိုးမြှင့်ပေးခြင်း၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ အပိုထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်စီခွင့်ပြုခြင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တို့မှာ လစာနှုန်းထားအားလုံးမှာ ကျပ် ၂၀၀၀၀ စီတစ်ပြေးညီ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ရာထူးအဆင့်အလိုက် အခြေခံလစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသို့ဆောင်ရွက်ခဲ့သော်လည်း ကျွန်တော်တို့ ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှုများဟာ တစ်နှစ်ထက်တစ်နှစ် တိုးလာပြီးတော့ နိုင်ငံတော်မှာလည်း ကြွေးမြီဝန်ထုပ်ဝန်ပိုးဟာ ဖြစ်ပေါ်လျက်ရှိပါတယ်။

ယခုအချိန်ဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်စေရန်အတွက် ကြိုးပမ်းတည်ဆောက်နေတဲ့အချိန်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုသွက်လက်စေရန်ဟာ နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်အပ်ထားတဲ့ နိုင်ငံ့ဝန်ထမ်းများအပေါ်မှာ များစွာမူတည်လျက်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကို ခံစားခွင့်ပြုတဲ့လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများအတွက် ကုန်ကျမည့်အသုံးစရိတ်များ ခန့်အပ်သင့်တဲ့ဝန်ထမ်းဦးရေ စသည်တို့ဟာ နိုင်ငံတော်အစိုးရက မျက်ခြည်မပြတ်သုံးသပ် ဆောင်ရွက်ရမယ့်ကိစ္စများ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ နိုင်ငံ့ဝန်ထမ်းလစာအပြင်ကို နိုင်ငံ့ဝန်ထမ်းပင်စင်လစာအသုံးစရိတ်များကိုလည်း ကျခံသုံးစွဲရလျက်ရှိပါတယ်။ လစာနှင့်ပင်စင်အသုံးစရိတ်ဟာ စုစုပေါင်းသာမန်အသုံးစရိတ်ရဲ့ ၂၃.၆၆ ရာခိုင်နှုန်းထိရှိပြီးတော့ စုစုပေါင်းအသုံးစရိတ်အနေနဲ့ကြည့်ရင် ၁၇.၈၅ ရာခိုင်နှုန်းထိ ရှိပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံပြီးတော့ နိုင်ငံတော်အတွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်စျေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွေကို အဘက်ဘက်ကစဉ်းစားပြီးတော့မှ သင့်လျော်တဲ့အချိန်ကာလမှာ တိုးမြှင့်ဆောင်ရွက်ပေးသင့်တာဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ငွေကြေးအခြေအနေ၊

ပြည်တွင်းပြည်ပကြွေးမြီ၊ ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှု စတဲ့ မက်ခရိုစီးပွားရေး အခြေအနေအရပ်ရပ်ပေါ် မှာမူတည်ပြီးတော့ အစိုးရရဲ့အသုံးစရိတ်များကို စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နှစ်စဉ်လိုငွေပြနေတဲ့ဘတ်ဂျက်ကို လိုငွေကြီးထွားလာမှုမရှိစေဖို့အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိအောင် စဉ်ဆက်မပြတ် ကျွန်တော်တို့ ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်ကလည်း ရငွေအရင်းအမြစ်တွေကို တိုးပွားလာစေရန် ဆောင်ရွက်ခြင်း နဲ့အသုံးစရိတ်များကို အထူးစိစစ်ကြပ်မတ်ပြီးမှ သုံးစွဲစေခြင်းတို့ကို ဆောင်ရွက်နေရတာကို လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးပဲအသိဖြစ်ပါတယ်။

အခွန်အကောက်ရငွေများအပါအဝင် နိုင်ငံတော်ရဲ့ရငွေများ တိုးတက်လာတာနှင့်အမျှ နိုင်ငံ့ ဝန်ထမ်းများကို လစာနှုန်းထားတွေ တိုးမြှင့်ပေးဖို့အတွက် ကျွန်တော်တို့ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အခွန်အကောက်ရငွေများကို တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါ သော်လည်း သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ သတ္တုစတဲ့ သဘာဝသယံဇာတထုတ်လုပ်ရောင်းချမှုရငွေ များဟာ များစွာကျဆင်းသွားခဲ့ပါတယ်။ နိုင်ငံတော်ကရယူခဲ့တဲ့ ယခင်ကြွေးမြီများကိုလည်း ယခုအခါ မှာ ပေးဆပ်ရန် အချိန်စေ့ရောက်လာမှုများအတွက် ပေးဆပ်နေရပါတယ်။ ပို့ကုန်မြှင့်တင်ရေးနှင့် မလိုလားအပ်တဲ့သွင်းကုန်များကို လျှော့ချနိုင်ဖို့ကိုဆောင်ရွက်ပြီး နိုင်ငံတော်ရဲ့စီးပွားရေး ဦးမော့လာ စေရန်အတွက် အဘက်ဘက်ကအထူးကြိုးပမ်းဆောင်ရွက်နေရတဲ့ကာလ ဖြစ်ပါတယ်။

ဒီလိုအချိန်မျိုးမှာ လစာတိုးပေးခြင်းထက် နိုင်ငံတော်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပြီးမှသာ တိုးပေးဖို့စဉ်းစားသင့်ပါသဖြင့် လျင်လျင်မြန်မြန် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကျွန်တော်တို့ ဦးစွာကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်နေစဉ်ကာလအတွင်းမှာ နိုင်ငံ့ဝန်ထမ်းများအတွက် ခေတ်ကာလအခြေအနေ နှင့်မကိုက်ညီတော့တဲ့စရိတ်များကို သုံးသပ်တိုးမြှင့်ပေးခြင်း၊ ရှေးယခင်ကရှိခဲ့သော်လည်းပဲ ပျောက်ကွယ်နေတဲ့ အချိန်ပိုလုပ်ခစနစ်၊ ဆုကြေး(Bonus)ချီးမြှင့်တဲ့စနစ်များကို ပြန်လည်ကျင့်သုံးနိုင်ရန် သုံးသပ်ဆောင်ရွက်ခြင်း၊ အိမ်ရာများအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန်စီစဉ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီး အခုလိုရှင်းလင်းပေးတာကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မေးခွန်းမှာရှင်းပါတယ်။ လစာတိုးပေးဖို့ အစီအစဉ် ရှိလား/မရှိလားဆိုတာကို မေးတာဖြစ်လို့ ကျွန်တော်တို့ကတော့ ရှိရင်ရှိတယ်။ မရှိရင်မရှိဘူးဆိုတာကို ရှင်းရှင်းလင်းလင်းဖြေကြားပေးနိုင်ဖို့အတွက် ကျွန်တော်ထပ်မံပြီးတော့မှ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် တင်ပြခဲ့တဲ့အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးမှ ကျွန်တော်တို့ လစာနှုန်းထားများကို တိုးမြှင့်ပေးဖို့၊ မည်၍မည်မျှတိုးမြှင့်ပေးဖို့ကို သုံးသပ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လောလော ဆယ်မှာတိုးမြှင့်ပေးရန်အစီအစဉ်မရှိသေးပါဘူး။ ကျွန်တော်တင်ပြတဲ့အခြားနည်းလမ်းများနဲ့ ဝန်ထမ်း များ သက်သာမှု၊ ချောင်ချိမှုရရှိအောင် ဆောင်ရွက်ပေးဖို့သာ အစီအစဉ်များရှိပါကြောင်း ဖြေကြားအပ် ပါတယ်။

**(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာနှစ်အလိုက်ရောင်းချခဲ့သော SIM Card အရေအတွက်နှင့် အဆိုပါ ကာလအတွင်း ကောက်ခံရရှိသော ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်းအရေအတွက်နှင့် တန်ဖိုး၊ (၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ရောင်းချနေသော လက်ကိုင်ဖုန်းအရောင်းဆိုင်များ အပေါ် အခွန်ကောက်ခံနိုင်ခြင်းရှိ/မရှိ၊ (၃) ပင်လယ်ရေကြောင်း၊ လေဆိပ်များနှင့် နယ်စပ်စခန်းမှ တရားမဝင် ဝင်ရောက်လာသဖြင့် ဖမ်းဆီးရမိသော လက်ကိုင်ဖုန်းများအရေအတွက်နှင့် တန်ဖိုး၊ (၄) နောင်တွင် လက်ကိုင်ဖုန်းများ တရားမဝင် ဝင်ရောက်နေခြင်းကို တားဆီးရန်နှင့် မျှတ၍ လူတိုင်း အလွယ်တကူပေးဆောင်နိုင်သော အခွန်စနစ်ကျင့်သုံးခြင်း အစီအစဉ်ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း

ဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ လစ်လပ်ဆုံးရှုံးနေတဲ့ အခွန်အခများ ပြည့်ဝစွာ ကောက်ခံရရှိရေးအတွက် သိသာထင်ရှားစွာ နိုင်ငံခြားမှတင်သွင်းနေတဲ့ လက်ကိုင်တယ်လီဖုန်းများနဲ့စပ်လျဉ်းပြီး ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို ထူထောင်တည်ဆောက်ရာမှာ သင့်တင့်မျှတတဲ့အခွန်အကောက်ရရှိမှုဟာ များစွာအရေးကြီးပါတယ်။ ဒါကြောင့်လည်း ပြည်သူ့ကိုယ်စားလှယ်များဟာ စဉ်ဆက်မပြတ် မျှတတဲ့အခွန်နဲ့ မှန်မှန်ကန်ကန် အခွန်ကောက်ခံရရှိဖို့ စဉ်ဆက်မပြတ်ဆွေးနွေးနေတာဖြစ်ပါတယ်။ ဒီလို မှန်မှန်ကန်ကန်နဲ့ မျှတတဲ့အခွန်ကို ရရှိမှသာလျှင် တိုင်းပြည်ရဲ့လူမှုစီးပွားရေးဘဝ ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်မတိုင်မီက မိုဘိုင်းဖုန်း၊ လက်ကိုင်ဖုန်းများရဲ့ တစ်လုံးတန်ဖိုးဟာ ၅ သိန်းဖြစ်ပြီး ကုမ္ပဏီများကို ဒေါ်လာနှစ်ထောင်ကျော်နဲ့ ရောင်းချခဲ့တာအတွက် မြန်မာကျပ်ငွေ သိန်း ၂၀ ကျော်အထိ ဈေးပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်များပေါ်ပေါက်လာပြီး SIM Card တစ်ခုကို ၁၅၀၀ ကျပ်အထိ လျှော့ပေါ့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ကိုင်ဖုန်းအမျိုးမျိုးကိုလည်း နှစ်သက်သလို ဝယ်ယူသုံးစွဲနိုင်ခဲ့ပါတယ်။ ဒါဟာ ဒီမိုကရေစီစနစ် အကျိုးဆက်ရဲ့အသီးအပွင့်ကို မျက်မြင်တွေ့ရှိခံစားရတာဖြစ်ပါတယ်။ ယခင်က လက်ကိုင်ဖုန်းများကို ငွေကြေးချမ်းသာသူတွေရဲ့ အသုံးအဆောင်ဖြစ်ရာကနေပြီးတော့ ယခုအခါ လူတန်းစားမရွေး ဝယ်ယူသုံးစွဲနိုင်တာကို တွေ့ရပါတယ်။ ဒါနဲ့ဆက်နွှယ်ပြီး တံဆိပ်အမျိုးမျိုးတပ်ထားတဲ့ လက်ကိုင်ဖုန်းတွေဟာ ပြည်တွင်းကိုထိုးဖောက်စီးဝင်လာရာမှာ တရားဝင်တင်သွင်းမှုထက် တရားမဝင်တင်သွင်းမှုက မြင့်မားလာတာကို သတိပြုမိပါတယ်။ ဒါကို ဆန်းစစ်ကြည့်ရင် တရားမဝင်တင်သွင်းတဲ့ လက်ကိုင်ဖုန်းရဲ့ဈေးနှုန်းကို တရားဝင်တင်သွင်းတဲ့ လက်ကိုင်ဖုန်းရဲ့ဈေးနှုန်းက ဘယ်လိုမှမယှဉ်နိုင်တာကို တွေ့ရပါတယ်။ ဒါဟာလည်း သေချာဆန်းစစ်ကြည့်ရင် အကောက်ခွန်ရဲ့နှုန်းထားနဲ့ အကောက်ခွန်နည်းစနစ်တွေ၊ အားနည်းချက်တွေရှိတယ်လို့ တွေ့မြင်ရပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ စားသုံးသူတွေအတွက် ဈေးနှုန်းပိုမိုမြင့်မားလာအောင် အကြံပြုတာမဟုတ်ဘဲ မှန်မှန်ကန်ကန်သက်သက်သာသာနဲ့ တရားဝင်တင်သွင်းခြင်းဖြင့် နိုင်ငံတော်မှာလည်း ငွေရ ပြည်သူများမှာလည်း လွယ်လွယ်ကူကူနဲ့ သက်သက်သာသာ အခွန်ပေးဆောင်စေလိုတဲ့ စေတနာနဲ့ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ယခုအခါ သန်းပေါင်းဆယ်ဂဏန်းလောက်အထိ တင်သွင်းလာတဲ့ လက်ကိုင်ဖုန်းတွေအတွက် အခွန်သာမဆောင်ခဲ့ရင် တိုင်းပြည် ဘယ်လောက်နစ်နာလည်းဆိုတာကို ဆန်းစစ်ခြင်းဖြစ်ပါတယ်။

**မူကြမ်း**

တစ်ဖက်ကလည်း တရားမဝင်တင်သွင်းနေမှုတွေကို တားဆီးနိုင်ရန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာရေးနှစ်အလိုက် ရောင်းချခဲ့တဲ့ SIM Card အရေအတွက်နှင့် ယင်းကာလအတွင်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံရရှိတဲ့ ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်းအရေအတွက်၊ (၂) တိုင်းဒေသကြီးနှင့် မြို့နယ်များမှ ဖွင့်လှစ်ရောင်းချနေတဲ့ တရားမဝင်တင်သွင်းသော လက်ကိုင်ဖုန်းများအပေါ် အခွန်ကောက်ခံနိုင်ခြင်း ရှိ/မရှိ၊ (၃) ပင်လယ်ရေကြောင်း၊ လေဆိပ်နှင့် နယ်စပ်စခန်းများမှ ဖမ်းဆီးမိတဲ့ တရားမဝင်လက်ကိုင်ဖုန်းအရေအတွက်နှင့်တန်ဖိုး၊ (၄) သက်သာသောအခွန်နှုန်းနှင့် အလွယ်တကူပေးဆောင်နိုင်သော အခွန်စနစ်ကိုကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက လက်ကိုင်ဖုန်းများနဲ့ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းလေးခု မေးမြန်းထားပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ Operator များက ဘဏ္ဍာရေးနှစ်အလိုက်ရောင်းချခဲ့သော SIM Card အရေအတွက်နှင့် အဆိုပါကာလအတွင်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံရရှိသော ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်းအရေအတွက်နှင့် တန်ဖိုးတို့အား သိရှိလိုခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ Power Point အသုံးပြုပြီးတော့ တင်ပြပါ့မယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနော မြန်မာလီမိတက်နှင့် အူရီဒူးမြန်မာလီမိတက်တို့မှ ဘဏ္ဍာရေးနှစ်အလိုက်ရောင်းချခဲ့သော SIM Card အရေအတွက်

စာရင်းဟာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ စုစုပေါင်း ခြောက်နှစ်စာ ကုမ္ပဏီသုံးခုပေါင်းလိုက်ရင်တော့ ကျွန်တော်တို့ ၈၇၃၇၇၀၀၀ ကျော်ဖြစ်ပါတယ်။ ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ တယ်လီဖုန်းကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၃)အရ ရောင်းဝယ်ခွင့်နှင့်စမ်းသပ်ပြသခွင့် လိုင်စင်ကို ချထားဆောင်ရွက်ပေးခဲ့ပြီးတော့ ရောင်းဝယ်ခွင့်လိုင်စင်အတွက် ကျပ်တစ်သိန်းနှင့် စမ်းသပ်ပြသခွင့်အတွက် ကျပ်တစ်သောင်းကောက်ခံပြီးတော့ တစ်နှစ်ကိုတစ်ကြိမ် သက်တမ်းတိုးခွင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါလိုင်စင်သက်တမ်းတိုးခြင်းအတွက် လိုင်စင်ခကျသင့်ငွေကိုလည်း ရောင်းဝယ်ခွင့်လိုင်စင်အတွက် ကျပ်တစ်သိန်းနှင့် စမ်းသပ်ပြသခွင့်အတွက် ကျပ်တစ်သောင်း ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်အထိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ ရောင်းဝယ်ခွင့်နှင့် စမ်းသပ်ပြသခွင့်လိုင်စင်သက်တမ်းရှိတဲ့ ကုမ္ပဏီအရေအတွက်ဟာ ၁၄၅ ခုဖြစ်ပြီးတော့ အဆိုပါ ကုမ္ပဏီများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ တင်သွင်းထောက်ခံချက်နှင့် ခွင့်ပြုခဲ့တဲ့ လက်ကိုင်ဖုန်းအရေအတွက်စာရင်းဟာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ စုစုပေါင်း ကျွန်တော်တို့ ခြောက်နှစ်စာပေါင်းလိုက်ရင် ၁၇၈၄၉၀၀၀ ကျော်ဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံရရှိခဲ့တဲ့ ဘဏ္ဍာရေးနှစ်အလိုက် လက်ကိုင်ဖုန်းအရေအတွက်နှင့် တန်ဖိုးဟာ တင်ပြပါအတိုင်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ မိုဘိုင်းတယ်လီဖုန်းတင်သွင်းမှုစာရင်းဖြစ်ပါတယ်။ ခြောက်နှစ်စာစုစုပေါင်း ၁၆၃၂၂၁၈၇ လုံးဖြစ်ပြီးတော့ အကောက်ခွန်ရငွေအဖြစ်နဲ့ ၁၇၀၁.၅၇၃ သန်း၊ ကုန်သွယ်လုပ်ငန်းခွန်ရငွေအဖြစ်နဲ့ ၁၇၄၇ သန်းဖြစ်ပါတယ်။ တင်သွင်းခဲ့တဲ့ မိုဘိုင်းတယ်လီဖုန်းများရဲ့တန်ဖိုးစုစုပေါင်းကတော့ အမေရိကန်ဒေါ်လာ သန်း ၅၀၄၇၀၀၀၀ ကျော်ဖြစ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့မြို့ကြီးများမှာ ဖွင့်လှစ်ရောင်းချနေတဲ့ လက်ကိုင်ဖုန်းအရောင်းဆိုင်များအပေါ်မှာ အခွန်ကောက်

ခံနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပါမယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ရသင့်ရထိုက်သော အခွန်အကောက်များကို လွတ်ကင်းမှု၊ လျော့နည်းမှုမရှိစေဘဲ တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ ကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိရာမှာ လက်ကိုင်ဖုန်းအရောင်းဆိုင်များဟာ တည်ဆဲဝင်ငွေခွန် ဥပဒေအရ စီးပွားရေးလုပ်ငန်းခေါင်းစဉ်နဲ့ ဝင်ငွေခွန်ပေးဆောင်ရပါတယ်။ တည်ဆဲကုန်သွယ်လုပ်ငန်း ခွန်ဥပဒေအရ ကုန်စည်တင်သွင်းရောင်းချခြင်းအတွက်လည်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မိုဘိုင်းဖုန်းရောင်းချခြင်းလုပ်ငန်းကနေ အခွန်ဝန်ထမ်း ဦးရေပေါင်း ၆၂၆ ဦးရှိပြီးတော့ ဝင်ငွေခွန် ၆၇၅.၆၂၉ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၁၄၈၈.၂၆၈ သန်း ကောက်ခံရရှိခဲ့ပါတယ်။ နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရေးအတွက်ကို လုပ်ငန်းဆက်စပ်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပြီးတော့ သတင်းစာရင်းများရရှိရေးဟာ အရေးကြီးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ ပင်လယ်ရေကြောင်း၊ လေဆိပ်နှင့် နယ်စပ်စခန်းများက တရားမဝင်ဝင်ရောက်လာသဖြင့် ဖမ်းဆီးရမိတဲ့ လက်ကိုင်ဖုန်းများအရေအတွက် နှင့်တန်ဖိုးမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ စုစုပေါင်း ခြောက်နှစ်မှာ ၁၆၃ မှု၊ အရေအတွက်အားဖြင့် ၉၂၈၉ လုံး၊ ခန့်မှန်းတန်ဖိုးအားဖြင့် ကျပ် ၁၂၉၃.၅၆ သန်းဖြစ်ပါတယ်။ ဆက်လက်ပြီး စတုတ္ထမေးခွန်း ဖြစ်တဲ့ နောင်တွင် လက်ကိုင်ဖုန်းများ တရားမဝင်ဝင်ရောက်နေခြင်းကို တားဆီးရန်နှင့် မျှတပြီးတော့ လူတိုင်းအလွယ်တကူ ပေးဆောင်နိုင်သောအခွန်စနစ် ကျင့်သုံးနိုင်ခြင်းအစီအစဉ်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ အကောက်ခွန်ဦးစီးဌာနရဲ့ ရုံးတွင်းညွှန်ကြားလွှာအမှတ်(၇/၂၀၁၄)မှာ ယခင်တယ်လီဖုန်း များအပေါ်မှာကောက်ခံခဲ့တဲ့ အကောက်ခွန်နှုန်းကို ၁၀ ရာခိုင်နှုန်းကနေပြီးတော့ ၅ ရာခိုင်နှုန်းသို့ လျှော့ချပြင်ဆင်သတ်မှတ်ခဲ့ပါကြောင်း တင်ပြပါအတိုင်း တင်ပြအပ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ကုန်ပစ္စည်းများကို ပြည်ပကနေ တင်သွင်း တာ၊ တင်ပို့တာတွေကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုင်စင်/ပါမစ်တွေ ခွင့်ပြုထုတ်ပေးပါတယ်။ Handset တင်သွင်းဖို့ လျှောက်ထားမှုများနှင့်ပတ်သက်ပြီးတော့ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ထောက်ခံချက်ကိုပါယူပြီး တော့မှ လိုင်စင်ခွင့်ပြုထုတ်ပေးပါတယ်။ သို့ရာတွင် ရောင်းဝယ်ခွင့်လိုင်စင်နှင့် စမ်းသပ်ပြသခွင့် လိုင်စင်သက်တမ်း တစ်နှစ်အတွင်းမှာ အမျိုးအစားတူတယ်လီဖုန်းများ (အရေအတွက်ကန့်သတ်ချက်

မရှိ)တင်သွင်းမည်ဆိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ထောက်ခံစာထပ်မံတောင်းခံရန်မလိုအပ်ဘဲနဲ့ ကုန်သွယ်ရေးဦးစီးဌာနကို တိုက်ရိုက်လျှောက်ထားတင်သွင်းနိုင်ပါတယ်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကခွင့်ပြုခဲ့တဲ့ လက်ကိုင်ဖုန်းအရေအတွက်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပေးခဲ့တဲ့ လိုင်စင်ပါလက်ကိုင်ဖုန်းအရေအတွက်နှင့် အကောက်ခွန်ဦးစီးဌာနက အခွန်စည်းကြပ်ကောက်ခံရရှိတဲ့ လက်ကိုင်ဖုန်းအရေအတွက်တွေဟာ ကွာခြားနေတဲ့အတွက်ကြောင့် စိစစ်ရာမှာ Handset တင်သွင်းရန် လိုင်စင်ယူထားသော်လည်းပဲ အမှန်တကယ်တင်သွင်းရာမှာ ယူထားတဲ့အရေအတွက်ထက်လျှော့၍ တင်သွင်းခြင်း၊ အကောက်ခွန်ရှောင်လွှဲနိုင်ရန်အတွက် တရားမဝင်သောနည်းလမ်းမျိုးစုံဖြင့် သို့ဝှက်သယ်ဆောင်ခြင်းတို့ဖြစ်နိုင်သည်ကို စိစစ်တွေ့ရှိရပါတယ်။ လက်ကိုင်ဖုန်းများဖြစ်တဲ့အတွက်ကြောင့် သို့ဝှက်သယ်ဆောင်ရန်လည်း လွယ်ကူတဲ့အခြေအနေရှိပါတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ငွေများဟာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြတဲ့အတိုင်း နစ်နာမှုရှိနေပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် လက်ရှိပြည်တွင်းဈေးကွက်မှာ ရောင်းချနေတဲ့ လက်ကိုင်ဖုန်းများနှင့်နောင်မှာ ပြည်ပကနေတင်သွင်းလာမည့် လက်ကိုင်ဖုန်းများကို သုံးစွဲသူပြည်သူများလည်း အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နဲ့ အခွန်နှုန်းသက်သာစွာဖြင့် တင်သွင်းစေဖို့အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများအတွက် လက်ကိုင်တယ်လီဖုန်းဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် သုံးသပ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့ အခွန်ငွေများလွတ်ကင်းမှုမရှိစေရန် ဆောင်ရွက်ခြင်းတို့ကိုချိန်ဆပြီးတော့မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ပါ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထောက်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခရရှိစေရန် သုံးသပ်ဝေဖန်ပေးမှုကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးခင်ချို အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ နိုင်ငံရဲ့ အလုပ်လက်မဲ့ပြဿနာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုမှာ လူဦးရေပေါင်း ၅၁.၄၉ သန်းနီးပါးရှိပြီးတော့ အမျိုးသားက ၂၄.၈၂ သန်းကျော် ရာခိုင်နှုန်းအားဖြင့် ၄၈ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၂၆.၆၆ သန်းကျော် ရာခိုင်နှုန်းအားဖြင့် ၅၂ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ အလုပ်လုပ်နိုင်တဲ့ ၁၅ နှစ်ကနေ ၆၄ နှစ်အထိက ၃၂.၉၈ သန်းကျော် ရာခိုင်နှုန်းအားဖြင့် ၆၅.၆ ရာခိုင်နှုန်းရှိပြီးတော့ အလုပ်မလုပ်နိုင်တော့တဲ့ အသက် ၆၅ နှစ်နှင့်အထက်က ၂.၉ သန်း ရာခိုင်နှုန်းအားဖြင့် ၅.၈ ရာခိုင်နှုန်းလောက်ရှိတာ သိရပါတယ်။ ဒီလူဦးရေစာရင်းအရ အသက် ၁၅ နှစ်ကနေ ၆၄ နှစ်အကြား အလုပ်လုပ်နေတဲ့ လူဦးရေက ၂၁.၈၇ သန်းကျော်ရှိတဲ့အတွက် အလုပ်နိုင်သူဦးရေပေါင်းရဲ့ ၆၆ ရာခိုင်နှုန်းလောက်ပဲ အလုပ်လုပ်ကြရတာတွေ့ရပြီးတော့ ၃၄ ရာခိုင်နှုန်းက အလုပ်လက်မဲ့ဖြစ်နေတဲ့သဘောလို့ ယူဆနိုင်ပါတယ်။ အလုပ်ရရှိမှု လုပ်ကိုင်မှုအနေအထားအရ အစိုးရဌာနအဖွဲ့အစည်းများမှာ ၆.၇ ရာခိုင်နှုန်း၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာက ၂၈.၈ ရာခိုင်နှုန်း၊ အလုပ်ရှင်များအနေနဲ့ ၃.၁ ရာခိုင်နှုန်း၊ ကိုယ်ပိုင်လုပ်ငန်းလုပ်သူတွေက ၃၅.၂ ရာခိုင်နှုန်းနဲ့ မိသားစုလုပ်ငန်းတွေမှာလုပ်သူတွေက ၂၆.၁ ရာခိုင်နှုန်းရှိတာသိရပါတယ်။ အလုပ်အမျိုးအစားတွေကို လေ့လာကြည့်တဲ့အခါမှာ လယ်ယာ၊ သား၊ ငါးနှင့် သစ်တောကဏ္ဍမှာ ၄၂.၉ ရာခိုင်နှုန်းနဲ့ အများဆုံးလုပ်ကိုင်နေကြတာတွေ့ရပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ အလုပ်လုပ်ကိုင်နေသူတွေထဲမှာ နိုင်ငံရပ်ခြားမှာ တရားဝင်နှင့် တရားမဝင်အလုပ်လုပ်နေသူတွေပါမပါဆိုတာမသိပါဘူး။ ပြီးတော့လည်း သန်းခေါင်စာရင်းကောက်ယူရာမှာလည်းပဲ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေရဲ့စာရင်းပြည့်ပြည့်စုံစုံပါမပါမသိနိုင်ပါဘူး။ ကျွန်တော်တင်ပြလိုတာက အလုပ်အကိုင်ဆိုတဲ့အဓိပ္ပာယ်ပါ။ အလုပ်အကိုင်ဆိုတာ ဘဝတစ်ခုရပ်တည်နေထိုင်နိုင်ဖို့အတွက် ဝင်ငွေတစ်စုံတစ်ရာရအောင်ဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းနေကြသူတွေ၊ လုပ်ခလစာအပေါ်မှီခိုလုပ်ကိုင်နေကြသူတွေနဲ့ လယ်ယာလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်း၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစတဲ့ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေကြသူတွေစတဲ့ အလုပ်လုပ်ကိုင်မှုအပိုင်းနှစ်ပိုင်းရှိတာ တွေ့ရပါတယ်။ အလုပ်လုပ်ကိုင်နေတဲ့ရာခိုင်နှုန်းကို လေ့လာကြည့်ရင် လုပ်ခလစာအပေါ်မှီခိုအားထားသူထက် ကိုယ်ပိုင်ဝင်ငွေရှာဖွေရပ်တည်နေသူဦးရေက ရာခိုင်နှုန်းပိုများတာကို တွေ့နိုင်တဲ့အတွက် အလုပ်အကိုင်ဖန်တီးပေးမှုနှင့်ပတ်သက်လို့ ကိုယ့်အားကိုယ်ကိုးပြီး ဘဝရပ်တည်မှုကိုဖန်တီးပေးနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ တကယ့်လက်တွေ့လုပ်ကိုင်နိုင်တဲ့ အခြေအနေမျိုးရောက်အောင် ပိုမိုဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အလုပ်လက်မဲ့ပြဿနာတွေ တဖြည်းဖြည်းလျော့နည်းကျဆင်းလာနိုင်မယ်လို့ ယူဆပါတယ်။

အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်းနဲ့ပတ်သက်လို့ လုပ်ခလစာအပေါ်မှီခိုအားထားကြတဲ့ အလုပ်အကိုင်များနှင့်ပတ်သက်လို့ အစိုးရက တာဝန်ယူဆောင်ရွက်ပေးရတဲ့အပိုင်းနှင့် အစိုးရက ခန့်ထားပေးနိုင်မှုနှင့် Private Worker များကို ပုဂ္ဂလိကခန့်ထားမှုအပိုင်းနှစ်ပိုင်းရှိပါတယ်။ ဒီကဏ္ဍတွေအတွက် လုပ်သားနှစ်မျိုးဖြစ်တဲ့ Technician ပညာရှင်များနှင့် Worker လုပ်သားများအပိုင်း နှစ်ပိုင်းမွေးထုတ်ဖို့လိုအပ်ပါတယ်။ ပညာရှင်များကိုတော့ တက္ကသိုလ်၊ ကောလိပ်သင်တန်းကျောင်းများနဲ့ လက်တွေ့လုပ်ငန်းခွင်တွေကနေပြီးတော့ မွေးထုတ်ပေးရမှာဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများခန့်ထားပေးမှုအနေနဲ့ နိုင်ငံရဲ့ဝင်ငွေ၊ နိုင်ငံရဲ့ယန္တရားများမှာလိုအပ်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ ဖွဲ့စည်းပုံပါအရာထမ်း၊ အမှုထမ်း လိုအပ်ချက်အရသာခန့်ထားနိုင်မှာဖြစ်တဲ့အတွက် အလုပ်လက်မဲ့ပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းနိုင်တာ မဖြစ်နိုင်တာကို တွေ့ရပါတယ်။ Private Sector ပုဂ္ဂလိကကဏ္ဍအနေနဲ့ကတော့ နိုင်ငံအတွင်းကို ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုက်မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမျိုးအစားအပေါ်မူတည်ပြီးတော့ လိုအပ်လာနိုင်မယ့် လုပ်သားအမျိုးအစားတွေကို ကြိုတင်မွေးထုတ်နိုင်အောင် ဆောင်ရွက်ထားသင့်တယ်လို့ထင်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ထုတ်လုပ်မှု၊ လယ်ယာ၊ သားငါး၊ စက်မှု၊ စာရင်းအင်းစတဲ့ ပညာရှင်လိုအပ်ချက်တွေကို နိုင်ငံ့ယန္တရားအတွက်

လိုအပ်တဲ့အနေအထားနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လိုအပ်မယ့်အနေအထားပေါ် မူတည်ပြီး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေနဲ့ လက်တွေ့သင်တန်းတွေမှာ နှစ်အလိုက်လိုအပ်မယ့်ပမာဏ အနေအထားကို ခန့်မှန်းတွက်ချက်မွေးထုတ်ဆောင်ရွက်သင့်တဲ့အတွက် လက်ရှိအခြေခံပညာအထက် တန်းအောင်မြင်သူလူငယ်များကို ခေါ်ယူနေတဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတွေရဲ့ သတ်မှတ် ကျောင်းသား၊ သင်တန်းသားအရေအတွက်ကို ပြန်လည်စိစစ်ဆောင်ရွက်သင့်တယ်လို့ အကြံပြုချင်ပါ တယ်။ ဒါမှလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတွေကအောင်မြင်လာတဲ့ လူငယ်များ အတွက် အလုပ်အကိုင်ဖန်တီးပေးရာမှာ အဆင်ပြေမယ်လို့ယူဆပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ပညာတတ်မွေးထုတ်ရာမှာ အရည်အချင်းထက် အရေအတွက်ကို အလေးထားမွေးထုတ်နေသလို ဖြစ်နေတဲ့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မွေးထုတ်လိုက်တဲ့ဘွဲ့ရ အရေအတွက်သာ တစ်နှစ်ထက်တစ်နှစ်များလာပြီးတော့ အရည်အချင်းနဲ့အညီ ထိုက်တန်တဲ့နေရာ အလုပ်အကိုင်နေရာဖန်တီးပေးနိုင်မှုမရှိတဲ့အတွက် နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်တွေ၊ အရည်အသွေး ကျဆင်းလာစေတာ၊ ကြိုးစားလိုတဲ့ စိတ်ဓာတ်တွေ၊ ယှဉ်ပြိုင်လိုတဲ့စိတ်ဓာတ်တွေ၊ ပျက်ယွင်းပျက်စီး ကုန်တာ၊ ပြီးတော့ သင်ကြားတတ်မြောက်ထားတဲ့ ပညာရပ်တွေအပေါ်မှာ အထင်ကြီးလေးစားအားကိုး လိုစိတ် လျော့နည်းကျဆင်းလာတာတွေ၊ တတ်မြောက်ထားတဲ့ပညာနှင့်အညီ အလုပ်အကိုင်ရဖို့ မလွယ်ကူတာတွေ စတဲ့ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်တွေမှာ မျှော်လင့်ချက်မဲ့တဲ့ဘဝအနေအထား မျိုးတွေဖြစ်နေတာမို့ ဒါတွေကို ပြုပြင်ဆောင်ရွက်ဖို့လိုမယ်လို့ယူဆပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ပညာရေး အခြေအနေနဲ့ အလုပ်အကိုင်ဖန်တီးပေးနိုင်ဖို့ဆိုတာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေတာမို့ ပညာရေးစနစ် အားကောင်းခိုင်မာဖို့ အလွန်အရေးကြီးပါတယ်။ အရည်အသွေးပြည့်ဝတဲ့ လူငယ်ပညာရှင်တွေ၊ ပညာတတ်တွေ၊ လုပ်အားအရင်းအမြစ်တွေ၊ လုံလောက်ပြည့်စုံမှုရှိနေမှလည်း နိုင်ငံတကာရဲ့စိတ်ဝင်စား မှုကို ရနိုင်မှာဖြစ်တဲ့အတွက် ရေသယံဇာတ၊ မြေသယံဇာတ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့ ဆီကို ရင်းနှီးမြှုပ်နှံမှုတွေဝင်လာတာနဲ့ အလုပ်အကိုင်တွေ အဆင်သင့်ဖန်တီးပေးနိုင်မှာဖြစ်လို့ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်အရွယ်များမှာ ၁၀ ဦးအနက် ၆ ဦး လောက်က အလုပ်လက်မဲ့ဖြစ်နေကြောင်း သိရလို့ သူတို့ကို အရည်အသွေးပြည့်ဝအောင် နိုင်ငံတကာ လက်ခံယုံကြည်နိုင်တဲ့အခြေအနေမျိုး ရောက်ရှိအောင် ဆောင်ရွက်ပေးသင့်တယ်လို့ အကြံပြုချင်ပါတယ်။

**မူကြမ်း**

ဒုတိယအချက်အနေနဲ့ သန်းခေါင်စာရင်းမှာဖော်ပြထားတဲ့ အလုပ်အကိုင်ရရှိထားတဲ့ဦးရေ အများဆုံးဖြစ်တဲ့ ကိုင်ပိုင်လုပ်ငန်းနှင့် မိသားစုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး တင်ပြချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေအကောင်အထည်ဖော်မှု၊ GDP လျာထားချက်တွေကို တိုးမြှင့် လျာထားတဲ့အခါမှာ ရာခိုင်နှုန်းအနည်းဆုံးဖြစ်နေတဲ့ လယ်ယာနှင့် သား၊ ငါးကဏ္ဍ အောင်မြင်ဖြစ်ထွန်း အောင်၊ တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ်အနေနဲ့ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် နည်းလမ်း ရှာဖွေပေးခြင်း၊ ပညာပေးခြင်း၊ ကူညီထောက်ပံ့ကြေးတွေဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုတွေ တိုးလာမှုရနိုင်သလို တစ်ဖက်ကလည်း နိုင်ငံတော်ရဲ့ GDP နဲ့ တိုင်းပြည်ငွေတွေ တိုးတက်လာဖို့အတွက် အထောက်အကူအများကြီးရနိုင်မယ်လို့ ယူဆပါတယ်။ နောက်တစ်ခုကလည်း နိုင်ငံရဲ့ ရေ၊ မြေ၊ တောတောင်၊ သဘာဝအနေအထားအရ ဘယ်နိုင်ငံနဲ့မှမတူတဲ့ သဘာဝကဖန်တီးပေး ထားတဲ့ ပင်လယ်၊ တောတောင်၊ စိမ့်စမ်းရေတံခွန်တွေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေရှိနေတာကြောင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်နွှယ်နေတဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်မယ် ဆိုရင် ဒေသဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချရေးနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွေအတွက် အထောက်အပံ့အများကြီးရနိုင်မယ်လို့ ယူဆပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းလာတာနှင့်အမျှ ကျွန်တော်တို့ ကရင်ပြည်နယ်အပါအဝင် သဘာဝအလှတွေအများကြီးရှိတဲ့ ပြည်နယ်အားလုံးလိုလိုမှာ အဆင်ပြေတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ SMEs လို အသေးစား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်စုံကကူညီဆောင်ရွက်ပေးခြင်းဟာလည်း နိုင်ငံတော်အစိုးရက အပြည့်အဝမလုပ်ပေးနိုင်တဲ့ အလုပ်အကိုင်ရရှိရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးလာ နိုင်မှာဖြစ်ကြောင်း တင်ပြချင်ပါတယ်။

တတိယအချက်အနေနဲ့ နိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှု ဝင်ငွေနှင့် ထွက်ငွေမမျှတမှု စတဲ့ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အိမ်နီးချင်းတိုးတက်နေတဲ့နိုင်ငံတွေ၊ တိုးတက်ပြီး နိုင်ငံရပ်ခြား ဒေသအသီးသီးကို တရားဝင်ရော၊ တရားမဝင်ရော ထွက်ခွာလုပ်ကိုင်နေကြတဲ့ နိုင်ငံရဲ့လူ့သယံဇာတ တွေကို နိုင်ငံရဲ့ နိုင်ငံသားတွေအတွက် အာမခံချက်ရှိရှိ၊ လူ့ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်လုပ်ကိုင် နိုင်ရေးနှင့် ပြည်တွင်းမှာ အားထားလောက်တဲ့၊ ဘဝရပ်တည်နေထိုင်လောက်တဲ့ ဝင်ငွေရနိုင်တဲ့ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးနည်းလမ်းနှင့် လုပ်သားစီးထွက်မှုတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ ထိန်းညှိဆောင်ရွက်မလဲဆိုတဲ့ပြဿနာကိုလည်း ကြိုတင်စဉ်းစားတွက်ချက်ထားသင့်တယ်လို့ ယူဆပါ

တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်လုပ်နိုင်တဲ့အသက်အရွယ်တော်တော်များများဟာ နေ့တိုင်းလိုလို အိမ်နီးချင်းတိုင်းပြည်တွေကို တရားဝင်ရော၊ တရားမဝင်ရော ထွက်ခွာပြီး အလုပ်အကိုင်ရှာဖွေနေကြရ တဲ့အတွက်ကြောင့် နိုင်ငံအတွင်းမှာ အလုပ်လုပ်နိုင်သူဦးရေ နည်းပါးလာနေတဲ့အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေအတွက် လိုအပ်တဲ့လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်လာတဲ့အခါမှာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အခက်အခဲရှိလာနိုင်တဲ့အတွက် ကြိုတင်စီမံကာကွယ်ထားသင့်တယ်လို့ အကြံပြု ချင်ပါတယ်။ နောက်တစ်ခုကလည်း တစ်ဖက်နိုင်ငံတွေသို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခသည်များ အဖြစ်နဲ့ ရွှေ့ပြောင်းနေထိုင်ကြတဲ့ နိုင်ငံသားများ ပြည်တော်ပြန်ဝင်လာတဲ့အခါမှာလည်း နေထိုင်ရေး ပြဿနာအပြင် စားဝတ်နေရေးအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးကလည်း မရှိမဖြစ်လိုအပ်တဲ့ ဖြစ်တဲ့အတွက်ကြောင့် ဒါတွေကိုလည်း ကြိုတင်တွက်ချက်စဉ်းစားသင့်ပါတယ်။

နောက်ဆုံးအနေနဲ့ အလုပ်အကိုင်ဖန်တီးရေးနှင့်ပတ်သက်လို့ နိုင်ငံသားတွေဖြစ်တဲ့ မသန်စွမ်း လူငယ်တွေအတွက်လည်း သူတို့ရဲ့ဘဝ အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင် တစ်ခုခုရရှိရေးဟာ သာမန်သန်စွမ်းသူတွေထက်ပိုပြီးအရေးကြီးတယ်လို့ ထင်မြင်ယူဆပါတယ်။ မသန်စွမ်းသူများဟာ ဘဝပေးအခြေအနေအရ အားငယ်စိတ်၊ သိမ်ငယ်စိတ်တွေက သာမန်လူတွေ ထက် နားလည်သိနိုင်ဖို့ခက်ခဲတဲ့အတွက်ကြောင့် သူတို့ရဲ့စိတ်ဓာတ်မြင့်တင်နိုင်ဖို့၊ ဘဝအာမခံချက်တွေ ဖန်တီးပေးနိုင်ဖို့ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) အပိုဒ် ၃၄၇၊ ၃၄၈ နှင့် ၃၄၉ ပါ နိုင်ငံသားများ ခံစားရပိုင်ခွင့်ရှိတဲ့ ဥပဒေပါအခွင့်အရေးများနှင့်အညီ သူတို့နဲ့ကိုက်ညီမယ့်၊ လုပ်ကိုင်နိုင် စွမ်းရှိမယ့် အလုပ်အကိုင်များရရှိလုပ်ကိုင်နိုင်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဆောင်ရွက် ပေးသင့်ပါကြောင်း တင်ပြဆွေးနွေးရင်းနဲ့ နိုင်ငံရဲ့အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်း ကျဆင်းလာရေး နိုင်ငံတော်အစိုးရက စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုအား တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်ချို တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊

မယ်စဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို တင်သွင်းတဲ့အဆိုဟာ နိုင်ငံရဲ့ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး၊ နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ခေတ်အဆက်ဆက်ကတည်းက အလုပ်လက်မဲ့ပြဿနာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ယနေ့အထိ ဤအလုပ်လက်မဲ့ပြဿနာဟာ ဖြေရှင်းနိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်သော်ငြားလည်း ပြည်သူလူထုအကျိုးခံစားခွင့်အပြည့်အဝမရရှိပါဘူး။ ဒါဟာလည်း အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာတာကို တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သော်ငြားလည်း အလုပ်လက်မဲ့ပြဿနာဟာ ရှိနေတုန်းပါပဲ။ ဘာကြောင့် အလုပ်လက်မဲ့ပြဿနာဖြစ်နေသလဲဆိုတော့ အစိုးရအနေနဲ့ သူတို့စိုက်ပျိုးထားတဲ့သီးနှံကို နှစ်အလိုက် သီးနှံဈေးနှုန်းပုံသေမချမှတ်ပေးနိုင်တာလည်း ဖြစ်ပါတယ်။ နောက်ပြီး သူတို့လယ်ယာမြေတွေကို လွတ်လပ်စွာစိုက်ပျိုးနိုင်ခွင့်မရှိတာဟာလည်း များစွာအလုပ်လက်မဲ့ပြဿနာကို ဖြစ်ပေါ်စေပါတယ်။ အခုဆိုရင် ကျွန်တော်တို့ရဲ့ မယ်စဲမြို့နယ်၊ နမ်ပန်းကျေးရွာဟာ ယာမြေသီးနှံကို အဓိကစိုက်ပျိုးပါတယ်။ မြေဧက ၁၀၀ ဝန်းကျင်ရှိပါတယ်။ ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက ဓားမဦးချလုပ်ကိုင်စားသောက်နေတဲ့ ယာမြေလည်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုမှာတော့ သူတို့ရဲ့ယာမြေကို သစ်တောပိုင်မြေအဖြစ်သတ်မှတ်လိုက်ပါတယ်။ အကယ်၍ ဒီယာမြေကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် CF လျှောက်ရမယ်လို့ သစ်တောဌာနကပြောပါတယ်။ သူတို့ယာမြေ၌ သူတို့ပြန်စိုက်မယ့်ဟာ ဒီလိုတားဆီးမှုတွေရှိနေမှတော့ ဘယ်လိုစိုက်ပျိုးနိုင်တော့မှာလဲ။ သူတို့ယာမြေ၌ သူတို့ပြန်စိုက်မယ့်အချိန်ရောက်တော့ နောက်ဆုံးတော့ အလုပ်လက်မဲ့ပြဿနာဖြစ်ပေါ်လာတာဟာ လက်တွေ့ပါပဲ။ အလုပ်မရှိတော့ နီးစပ်ရာထိုင်းနိုင်ငံကို ရရာအလုပ်သွားလုပ်ကိုင်ကြတာ တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အခြေခံလုပ်ခလစာဟာ နည်းပါးပြီး လက်ရှိကြီးမြင့်နေတဲ့ ကုန်စည်ဈေးနှုန်းနဲ့ ကိုက်ညီမှုမရှိပါဘူး။ ဝင်ငွေနဲ့ထွက်ငွေနဲ့ မျှတမှုမရှိတာဟာလည်း

အဓိကအချက်ပင်ဖြစ်ပါတယ်။ အလုပ်လက်မဲ့ဖြစ်နေတာက တစ်ကြောင်း၊ ကုန်စည်ဈေးနှုန်းမြင့်နေတာကတစ်ကြောင်း၊ နောက်ဆုံးတော့ ရရာအလုပ်ကို လုပ်ကိုင်ဖို့ ပြည်ပသို့ ထွက်ခွာသွားရပါတယ်။ အခုဆိုရင် အလုပ်အကိုင်ရှားပါးမှုကြောင့် ကျွန်တော်တို့ ကချင်ပြည်နယ် ဖားကန့်မြို့မှာဆို အသက်အန္တရာယ်ကို ဘေးဖယ်ပြီး ကုမ္ပဏီတွေစွန့်ပစ်တဲ့ မြေစာပုံအောက်မှာ မကြာခဏဆိုသလို ရေမဆေးကျောက်ရှာနေတဲ့ဘဝကို ကြည့်ပါ။ အင်မတန်ရင်နင့်ဝမ်းနည်းစရာကောင်းလှပါတယ်။ မြေစာပုံဟာ မကြာခဏဆိုသလို နေ့စဉ်နှင့်အမျှ ပြိုကျနေပါတယ်။ မြေစာပြိုကျပြီး သေဆုံးတာဟာလည်း နေ့စဉ်နှင့်အမျှ ရှိနေပါတယ်။ ဒါဟာအလုပ်အကိုင်ရှားပါးမှုပြဿနာကြောင့် အသက်အန္တရာယ်ကို ပဓာနမထားဘဲ မိမိစားဝတ်နေရေး ဖူလုံဖို့အတွက် အန္တရာယ်များတဲ့ မြေစာပုံမှာ ရေမဆေးကျောက်ရှာနေရတာပါ။

ကျွန်တော်တို့ ကယားပြည်နယ်၊ မော်ချီးသတ္တုတွင်းမှာဆိုရင်လည်း ခဲတူးသမားတွေရဲ့ဘဝဟာ အင်မတန်ပဲ ကြောက်စရာကောင်းလှပါတယ်။ ခဲတွင်းထဲဆင်းပြီဆိုရင် အနက်ပေ ၈၀၀၊ ၁၀၀၀ ကျော်လောက်ဆင်းပြီး တူးရပါတယ်။ တစ်ခါတစ်ရံ မိုးရွာလာပြီဆိုရင် မြေမကြာခဏဆိုသလို မြေပြိုပါတယ်။ ဒါပေမဲ့ အလုပ်လက်မဲ့ပြဿနာဖြစ်နေတော့ အန္တရာယ်များသော်ငြားလည်း ဘယ်လောက်ပဲတွင်းနက်ပါစေ မိသားစုစားဝတ်နေရေးနဲ့ ဝမ်းတစ်ထွာပြည့်ရေးကို ဦးစားပေးပြီး ဤအန္တရာယ်များတဲ့အလုပ်ကို လုပ်ကြရတာပါပဲ။ တချို့ဆိုရင် Gun စက်ကို ဖောက်ရလွန်းလို့ ခဲမှုန့်ကိုရှူရှိုက်မိပြီး အဆုတ်ဇကာပေါက်ဖြစ်တဲ့အထိ ရောဂါဆိုးကျိုးကို ခံစားနေရပါတယ်။ ဤခံစားနေရတဲ့ရောဂါကြောင့် လူ့လောကကို အချိန်တိုအတွင်း ထွက်ခွာသွားရတာမြောက်မြားစွာရှိပါတယ်။ တချို့ဆိုရင် ထိုင်းနိုင်ငံမှာ ဒုက္ခသည်အဖြစ် သွားခံယူပြီး တတိယနိုင်ငံကို သွားဖို့ ပြင်ဆင်နေကြပါတယ်။ အခုဆိုရင် ထိုင်းနိုင်ငံ ရနောင်းမြို့မှာ မြန်မာအမျိုးသမီးငယ်လေးတွေဟာ လိင်ဖျော်ဖြေရေးနဲ့ ဝမ်းစာရှာနေရတာဟာ ၂၀၀ ဝန်းကျင်လောက်ရှိနေပါတယ်။ ဘာလို့ ဒီလိုလုပ်နေရတာလဲလို့ မေးတဲ့အခါမှာ မြန်မာပြည်မှာ အလုပ်အကိုင်၊ စီးပွားရေးနိမ့်ကျမှုကြောင့် လုပ်နေရတယ်လို့ပြောပါတယ်။ တချို့ဆိုရင် ဟိုဟာပေးမယ်၊ ဒီဟာပေးမယ်ဆိုပြီးလိမ်ခေါ်သွားပါတယ်။ ပြီးရင် လိင်ဖျော်ဖြေရေးလုပ်ဖို့အတွက် ရောင်းစားလိုက်ပါတယ်။ တချို့အမျိုးသားလူငယ်လေးတွေကိုတော့ လုပ်ခလစာများများပေးမယ်ဆိုပြီးလိမ်ခေါ်သွားပါတယ်။ ပြီးတော့ ပင်လယ်ငါးဖမ်းစက်လှေတွေမှာ အတင်းအဓမ္မပို့ခိုင်းပြီး ခိုင်းစားနေပါတယ်။ တကယ်လို့ သေဆုံးသွားရင် ပင်လယ်ငါးစာဖြစ်သွားခဲ့ပါတယ်။ နောက်ပြီး ရော်ဘာခြံ၊ ဆီအုန်းခြံတွေမှာလည်း ကျွန်တော်တို့ရဲ့ မြန်မာလူငယ်လေးတွေဟာ နေပူမိုးရွာမရှောင်အလုပ်လုပ်နေကြရပါတယ်။ အစားအသောက်ကို

လည်း မသေရုံလောက်ပဲကျွေးပြီး အတင်းအဓမ္မအလုပ်လုပ်ခိုင်းပါတယ်။ ထွက်ပြေးလို့ရှိရင် သေနတ်ဖြင့် ပစ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ လွတ်မြောက်လာတဲ့လူငယ်ကို မေးကြည့်တဲ့အခါ ကိုယ့်မြန်မာနိုင်ငံမှာ အလုပ်လက်မဲ့ပြဿနာဖြစ်နေလို့ သူများနိုင်ငံမှာ အထင်ကြီးပြီး ရရာအလုပ်လုပ်မယ်လို့ ဆုံးဖြတ်ပြီးသွားခဲ့ပါတယ်။ နောက်ဆုံးတော့ အမျိုးမျိုးနှိပ်စက်လို့ ပြန်လည်ပြေးလာတာပါလို့ပြောပါတယ်။ ဒါတွေကြည့်ခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို ဆုံးရှုံးစေပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းရေး၊ နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှာသာလျှင် ဒီအလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းလို့ရမှာဖြစ်မယ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် နေ့စဉ်လိုလို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် အဖမ်းခံနေရတာဟာလည်း နေ့စဉ်နှင့်အမျှဖြစ်နေပါတယ်။ ထောင်ကျမှာကို မကြောက်ဘဲ ရောင်းဝယ်နေပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အစိုးရအနေနဲ့ အလုပ်လက်မဲ့ပြဿနာကို ထိထိရောက်ရောက်နဲ့ စီမံကိန်းချမှတ်ပေးမယ်ဆိုရင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကလည်း တဖြည်းဖြည်းလျော့နည်းလာမှာဖြစ်တယ်။ ဘိန်းစိုက်တောင်သူတွေကလည်း ဘိန်းအစားထိုးသီးနှံ ပြောင်းစိုက်ခိုင်းပြီး တိကျသီးနှံဈေးနှုန်းကို ချပေးလိုက်မယ်ဆိုရင် တစ်ဖက်တစ်လမ်းကနေ ဘိန်းစိုက်ပျိုးမှုလည်း ပပျောက်လာမှာ ဖြစ်ပါတယ်။ ယခုဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်ရုံ၊ အလုပ်ရုံများစွာရှိပါတယ်။ ဘယ်လောက်ပဲ စက်ရုံ၊ အလုပ်ရုံများများ အလုပ်လက်မဲ့ပြဿနာ ဖြစ်နေတာပါပဲ။ ဘာဖြစ်လို့လဲဆိုရင် အခြေခံလစာနည်းပါးမှုကြောင့် ဒီပြဿနာရှိနေဦးမှာပဲ။ အခုဆိုရင် စက်ရုံ၊ အလုပ်ရုံတွေမှာ ဆန္ဒပြမှုတွေဖြစ်ပေါ်နေတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားများလည်း မကြာခဏဆိုသလို ပဋိပက္ခဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ဤပြဿနာကို စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုရင် အလုပ်လက်မဲ့ပြဿနာဟာ လျော့နည်းကျဆင်းလာမှာ အမှန်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆယ်တန်းအောင်၊ ဘွဲ့ရမြောက်မြားစွာရှိပါတယ်။ ဘွဲ့ရပြီး အစိုးရဝန်ထမ်းလျှောက်ရာတွင်လည်း အတားအဆီးအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ တချို့ဆိုရင် စိတ်ညစ်ပြီး နိုင်ငံရပ်ခြားကို ရရာအလုပ်လုပ်မယ်ဆိုပြီး ထွက်လုပ်တာ နေ့စဉ်နှင့်အမျှရှိနေပါတယ်။ ဘယ်လောက်ပဲ ကိုယ့်နိုင်ငံမှာ ဘွဲ့ရ၊ ဆယ်တန်းအောင်ပါ

စေ သူများနိုင်ငံမှာ အောက်ခြေသိမ်းအလုပ်ပဲ သွားလုပ်ခဲ့ရတာပါပဲ။ ဒါဟာအင်မတန်ဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီလူငယ်၊ လူရွယ်ဘဝ အညွန့်မတုံးရလေအောင်၊ အလုပ်လက်မဲ့ပြဿနာလည်း မဖြစ်ရလေအောင်၊ သူတို့နဲ့သင့်တော်တဲ့အလုပ်ကို နိုင်ငံတော်အစိုးရအနေနဲ့ စီမံကိန်းချအကောင်အထည်ဖော်ဆောင်ရွက်ပေးစေချင်ပါတယ်။ ဒါကြောင့် လှိုင်းဘွဲ့မဲဆန္ဒနယ်က ဦးခင်ချို တင်သွင်းတဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးခင်ချိုတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး၊ နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၅-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ နေ့လယ် ၁ နာရီခွဲအချိန်မှာ၊ သဘင်ဆောင်မှာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တင်ပြဆွေးနွေးမှာဖြစ်ပါသဖြင့် တက်ရောက်ပါရန် ပန်ကြားအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၂၅ နာရီ အချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၅.၅.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒုတိယဝန်ကြီး



ဦးကျော်ငွေး (လေရှီးမဲဆန္ဒနယ်)



ဦးဘိုကြီး (ချောက်မဲဆန္ဒနယ်)



ဒေါ်ချိုချို (အုတ်တွင်းမဲဆန္ဒနယ်)



ဦးမောင်မြင့် (မင်းကင်းမဲဆန္ဒနယ်)



ဦးခင်မောင်ဝင်း (လမ်းမတော်မဲဆန္ဒနယ်)



ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်